# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၆၅)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် ၊ ၃၀-၈-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စု ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွံတေးမြို့နယ် မွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ

စာမျက်နှာ ၃ သို့ ✰



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ဇလ



ရန်ကုန်မြို့ သိမ်ဖြူလမ်း အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ယွန်းထည်ပစ္စည်းများ၊ သစ်သားပစ္စည်းများကို တွေ့ရစဉ်။

## ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါး တစ်ပုဒ်အား တုံ့ပြန်ခြင်း

ဆောင်းပါး စာမျက်နှာ ၆

## ပန်းလောင်မြစ်ရေတံခွန်သို့ ခရီးသွားဧည့်သည်များ နေ့စဉ်အပန်းဖြေ လာရောက်လည်ပတ်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ရှိ ပန်းလောင်မြစ်ရေတံခွန် ကင်းတားလေးဆည်နှင့် ပိန္နဲပင်ကြိုးတံတားတို့သို့ ခရီးသွားဧည့်သည် ၅၀၀ ခန့် နေ့စဉ်အပန်းဖြေလာရောက်လည်ပတ်လျက်ရှိကြောင်း The Burmese Natural Life အပန်းဖြေစခန်း တာဝန်ရှိသူ ဦးကျော်ကျော်ထံမှ သိရသည်။

စာမျက်နှာ ၅ သို့ ✤



မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ရှိ ပန်းလောင်မြစ်ရေတံခွန်အလှကို တွေ့ရစဉ်။

## မြန်မာ့ရိုးရာလက်မှုပစ္စည်းများ တရုတ်နှင့်ကိုရီးယား ခရီးသွားများ စိတ်ဝင်တစား လေ့လာဝယ်ယူ

ရန်ကုန် ဩဂုတ် ၂၉

ပုဂံဒေသ မြင်းကပါရွာမှ ထွက်ရှိသည့် ယွန်းထည်ပစ္စည်းအမျိုးပေါင်း ၃၀ ကျော်နှင့် မန္တလေးနှင့် ပဲခူးမြို့မှ ထွက်ရှိသည့် သစ်သားပစ္စည်း ၅၀ ကျော်အပြင် ပုဂံဒေသထွက် သဲပန်းချီ၊ ယွန်းပန်းချီနှင့် မန္တလေးဒေသထွက် ကျောက်စီပန်းချီနှင့် ရွှေခြည်ငွေခြည်ထိုး ပန်းချီကားများ စသည်ဖြင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်း အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိရာ တရုတ်နှင့်ကိုရီးယား ခရီးသွားများ အထူးစိတ်ဝင်တစား လေ့လာဝယ်ယူကြောင်း သိရသည်။

စာမျက်နှာ ၅ သို့ ✦

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# ရိုင်းပင်းကူညီစိတ်ဖြင့် အပြန်အလှန် ကျေးဇူးပြုသိတတ်ရမည်

လောကတွင် ကံကြမ္မာ၏ ဆုံစည်းပေးမှုများကြောင့် လူသားတို့သည် တစ်ဦးနှင့်တစ်ဦး မိသားစုပုံစံ၊ တစ်နည်းအားဖြင့် မိတ်ဆွေသူငယ်ချင်းဖြင့်တစ်ဖုံ စသည်ဖြင့် အချင်းချင်းတွေ့ကြုံနေကြရသည်။ ထိုတွေ့ဆုံမှုနောက်ကွယ်တွင် လူသားတို့အား ရိုင်းပင်းကူညီလိုစိတ်ရှိသော ရည်ရွယ်ချက်ကြီးက အသင့်ရှိနေသည်။ လူသားတို့သည် ရင်းနှီးခြင်း၏ သံယောဇဉ်လမ်းသွယ်ဖြစ်သော တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီစိတ်ကို နားလည်ရန်ကြိုးစားရမည်ဖြစ်သည်။

မိမိပတ်ဝန်းကျင် အသိုင်းအဝန်းတွင် နေထိုင်ရာ၌ အပေးအယူမျှတစေရန် အရေးကြီးသည့်အတွက် လောဘ၊ ဒေါသ၊ မောဟတို့ကို လျှော့ချကာ မေတ္တာ၊ ကရုဏာစိတ်ကို အခြေခံ၍ အချင်းချင်း ရိုင်းပင်းကူညီရမည်ဖြစ်သည်။

လူသားတိုင်းသည် ''အတ္တာဟိ အတ္တနော နာထော'' ဟူသည့် ဗုဒ္ဓဘုရား၏ စကားအတိုင်း မိမိကိုယ်သာ ကိုးကွယ်အားထားပြီး သံသရာခရီး ဘဝလမ်းကြောင်းကို ကြိုးစားလျှောက်ကြရမည်မှာ အမှန်ပင်ဖြစ်သည်။ ကိုယ်ကြိုးစားမှ ကိုယ်က ကောင်းကျိုးဟူသမျှကို ခံစားရမည်ဖြစ်သည်။ သို့သော်လည်း လူသားတိုင်း တစ်ဦးတစ်ယောက်တည်းနေထိုင်ရပ်တည်၍မရပါ။ ''ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ'' သဘောမျိုးဖြင့် အပြန်အလှန် ဆက်ဆံနေကြရပါသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီရမည်ဖြစ်သည်။ သူ့အခက်အခဲကို ကိုယ့်အခက်အခဲကဲ့သို့ သဘောထားကြည့်လျှင် ငါသာဆိုရင် ဟူသောအတွေးဝင်လာပေလိမ့်မည်ဖြစ် သည်။ ထိုအခါကြမှ ထိုသူကို ကိုယ်ချင်းစာတတ်လာမည်ဖြစ်သည်။ ကိုယ်ချင်းစာစိတ်၏ နှိုးဆော်မှုသည် ရိုင်းပင်းကူညီမှုကို တွန်းအားပေးလျက်ရှိသည်။ အပြန်အလှန်ရိုင်းပင်းကူညီတတ်သော ကောင်းမြတ်သည့် ဓလေ့စရိုက်ဖြစ်လာပေလိမ့်မည်။ ဤအကျိုးတရား၏ အခြေခံအကြောင်းအရင်းမှာ ကိုယ်ချင်းစာစိတ်ဟု ပြောလိုပါသည်။ ထို့ပြင်တစ်ဦးက အခြားတစ်ဦး၏ ကောင်းကျိုးချမ်းသာအတွက် အပြန်အလှန်အကျိုးမျှော်လင့်ချက်မထားဘဲ မေတ္တာစေတနာသက်သက်ဖြင့် လုပ်ဆောင်ပေးခြင်းသည် ရိုင်းပင်းကူညီလိုစိတ်ဖြစ်သည်။ ရိုင်းပင်းကူညီစိတ်သည် လူမှုဝန်ထမ်းစိတ်ဖြစ်သည်။ လူအများ၏ အရေးအရာကိစ္စကို စေတနာဖြင့် တာဝန်ယူလုပ်ဆောင်ခြင်းဖြစ်ရာ မွန်မြတ်သန့်စင်လှသည်။ ယနေ့မြန်မာနိုင်ငံတွင် ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့၊ နာမကူညီရေးအသင်း၊ စေတနာ့ဝန်ထမ်းများသည် ရိုင်းပင်းကူညီစိတ်ကို အခြေခံ၍ လူအများ၏ ကိစ္စအဝဝကိုဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ လူ့ဘောင်လောကသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးပြုခြင်းဖြင့် တည်တံ့နေသည်။ ကျေးဇူးသည်တစ်ဦးက တစ်ခြားတစ်ဦးအပေါ်တွင် ပြုသောအကျိုးဆောင်မှုဖြစ်သည်။ အပြန်အလှန် အကျိုးရလဒ် မျှော်လင့်ချက်မရှိဘဲ နှုတ်အား ဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအားဖြင့် လည်းကောင်း ပံ့ပိုးကူညီပေးမှုဖြစ်သည်။

သို့ဖြစ်ရာရိုင်းပင်းကူညီလိုစိတ် ဟူသည်ကား ကံကြမ္မာ၏ ဆုံစည်းပေးမှု နောက်ကွယ်တွင် လူသားတို့အားဝမ်းသာပျော်ရွှင်မှုစသော အမျိုးမျိုးကိုပေးစွမ်းနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လူသားတို့သည် ရင်းနှီးမှု လမ်းသွယ်ဖြစ်သော ရိုင်းပင်းကူညီစိတ်ဖြင့်တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးပြုသိတတ်ခြင်း၊ အထူးသဖြင့်မိဘကျေးဇူး၊ ဆရာသမားများ၏ ကျေးဇူးကို သိတတ်ရခြင်း၊ သိတတ်ရုံမျှမက ပြန်လည် ပေးဆပ်နိုင်အောင်လည်း ကြိုးစားရမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကြီးကြပ်မှု အောက်ရှိ ပြင်ဦးလွင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လူသုံးကုန်ထုတ် လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၂၈ ၊ နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအုပ်စု၊ အင်းယားကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူး၊ အသေးစားစက်မှုလက်မှု ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးတို့က အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ရေချိုးဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေး ဆပ်ပြာရည်၊ လက်ဆေး အမျိုးမျိုး၊ မျက်နှာသစ်ဆပ်ပြာခဲအမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ လျှော်မွေးဆပ်ပြာရည်၊ ဆပ်ပြာခရင်(မ်)၊ Body Scrub စသည်တို့ကို ၂၈-၈-၂၀၂၆ ရက်နေ့မှ ၃-၉-၂၀၂၆ ရက်နေ့အထိ (၇) ရက်ကြာ သင်တန်းနည်းပြများက သင်တန်းသူ(၁၅)ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး မွမ်းမံသင်တန်းကိုလည်း ၁၄-၉-၂၀၂၆ ရက်နေ့မှ ၂၀-၉-၂၀၂၆) ရက်နေ့အထိ(၇)ရက်ကြာ ထပ်မံသင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းပြီးမြောက်ပါက လုပ်ငန်းထူထောင်မည့်သူ (၅)ဦးအားဌာနမှ တစ်ဦးလျှင် ငွေကျပ်(၁၈)သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ပါကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒေသန္တားမွေးမြူရေးအတွက် ပံ့ပိုးငွေများ ပေးအပ်ပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ညောင်မြင့်လယ်ယာနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်း၏ အသင်းသားများအား ဒေသန္တားမွေးမြူရေးအတွက် ပံ့ပိုးငွေများပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ညောင်မြင့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်လွင်က သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် (Cooperative- Based Farming Project CBFT) စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ ဦးစားပေးရွေးချယ်ဆောင်ရွက်မှု၊ စီမံကိန်းဆောင်ရွက်ရာတွင် သတ်မှတ်ထားရှိမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ ၄င်းနောက် မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင် ဦးမြင့်နိုင်က ဒေသန္တားမွေးမြူရေးအတွက် ပံ့ပိုးငွေပေးရခြင်းရည်ရွယ်ချက်နှင့် ချေးငွေများ ပြန်လည်ပေးဆပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးတို့က ဒေသန္တားမွေးမြူရေးအတွက် ပံ့ပိုးငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ဒေသန္တားမွေးမြူရေးအတွက် မြို့နယ်သမဝါယမ အသင်းစုမှ ပံ့ပိုးငွေ သိန်း ၄၅၀ နှင့် ညောင်မြင့်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ပံ့ပိုးငွေ သိန်း ၉၀ တို့ဖြင့် အသင်းသား ၃၀ ဦးအား ဒေသန္တားတစ်ကောင်လျှင် ၁၈ သိန်းနှုန်းဖြင့် ဒေသန္တား ၃၀ ကောင်အတွက် ငွေကျပ်သိန်း ၅၄၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၆၉)

o-o-o-o-o

o-o-o

## ကိုယ်လျှောက်သော လမ်းကလေး(၁၄)ကြိမ်မြောက်တစ်ကိုယ်တော်ပန်းချီပြပွဲ ပြသ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သီရိပစ္စယာပန်းချီပြခန်းတွင် ပန်းချီဆရာနေမျိုး၏ ''ကိုယ်လျှောက်သော လမ်းကလေး''အမည်ရှိ(၁၄)ကြိမ်မြောက်တစ်ကိုယ်တော်ပန်းချီပြပွဲကို ဩဂုတ် ၂၈ ရက်နံနက်ပိုင်းက ဖွင့်လှစ်ပြသခဲ့သည်။

ပန်းချီဆရာနေမျိုး၏(A/C) Acrylic အခရီလစ်ပန်းချီကားများကို တစ်ဝကြီးကြည့်ရှုရမည်ဖြစ်ပြီး ပန်းချီကားတစ်ကားကို ကျပ် ၁၅ သိန်းမှ ကျပ် ၄၅ သိန်းအထိ သတ်မှတ်ထားသည်။

ပြပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

(PNT)

0-0-0-0-0

0-0-0



## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ဇရာဦးဓမ္မာရုံရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ(၁၆၇)ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ နား ၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက် ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၈)

o-o-o-o-o

o-o-o

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား (ဒလ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဇုန်များအလိုက် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးဇုန်များကို အပိုင်းအလိုက်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများ မွေးမြူထားရှိမှု၊ မွေးမြူရေးဇုန်များမှ အသား၊ ငါးနှင့် ဥများ ထုတ်လုပ် ရောင်းချနိုင်မှု၊ မွေးမြူရေးဇုန်များ အတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး ရေတင် လုပ်ငန်းများဖြင့် ရေဖြန့်ဝေပေး လျက်ရှိမှု၊ ဇုန်များအလိုက် လျှပ်စစ်မီး လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကုန်ထုတ် လမ်းများ ဖောက်လုပ်ပေးထားမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုး ထားရှိမှု၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အစာများ လုံလောက်စွာ ရရှိနိုင်ရေး အစာစပ်စက်ရုံများဖြင့် ထုတ်လုပ် ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ တွံတေး မွေးမြူရေးဇုန်သို့ ရောက်ရှိစစ်ဆေး စဉ် လမ်းညွှန်မှာကြားချက်များ အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု တို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

**စနစ်တကျကြပ်မတ်ဆောင်ရွက်**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ လူဦးရေ ခုနစ် သန်းကျော် ရှစ်သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် ဟင်းသီး ဟင်းရွက် လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင် ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေး အတွက် စိုက်ပျိုးမွေးမြူရေးဇုန် များကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း ဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံဆောင် ရွက်ကြရာတွင် မြေပြင်အခြေခံ ကိန်းဂဏန်း အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက် များကို အခြေခံတွက်ချက်၍ စီမံ ချက်များရေးဆွဲကာ အောင်မြင် အောင် အကောင်အထည်ဖော် ဆောင်ရွက်ရကြောင်း၊ ပြည်သူများ သက်သာသော ဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများလုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက် သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ချထားပေးသည့်မြေနေရာ များအား အခြားနည်းများဖြင့် သုံးစွဲမှုများ မရှိအောင်လည်း စနစ် တကျ ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း။

မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လှောင်မွေးခြင်း၊ လှန်မွေးခြင်းနှင့် လွှတ်ကျောင်း၍ မွေးခြင်းဆိုသည့် မွေးမြူနည်းသုံးမျိုး ရှိကြောင်း၊ ထိုသို့မွေးမြူရာတွင် လည်း နည်းလမ်းများအလိုက် နည်းစနစ်တကျဖြင့် မွေးမြူရန် လိုကြောင်း၊ လှောင်မွေးခြင်းစနစ် ကို ဆောင်ရွက်ရာတွင်လည်း တိရစ္ဆာန်များကို အစာနှင့်ရေများ လုံလောက်စွာဖြင့် ပြည့်ပြည့်ဝဝ ကျွေးမွေးရန်လိုကြောင်း၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ် သည် မဖြစ်မနေလိုအပ်ကြောင်း၊ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစား အလိုက် မျိုးကောင်းမွန်မှသာ ထုတ်လုပ်မှုများ တိုးတက်မည်ဖြစ် ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေပြုပြင်ခြင်းလုပ်ငန်း၌ မြေဩဇာ များ ထည့်သွင်းအသုံးပြုရသကဲ့သို့ မွေးမြူရေး လုပ်ငန်းတွင်လည်း တိရစ္ဆာန်အစာကို လုံလောက်စွာ ကျွေးမွေးနိုင်ရန် လိုအပ်သဖြင့် တိရစ္ဆာန်အစာများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့် အောင်ရေ လုံလောက်စွာရရှိရန် လိုသကဲ့သို့ တိရစ္ဆာန်များ အတွက်လည်း သန့်ရှင်းသောရေ လုံလောက်စွာ ရရှိရန်လိုကြောင်း၊ မွေးမြူရေး လုပ်ငန်းများ နည်းစနစ်တကျ မွေးမြူပြီး အထွက်နှုန်းများ တိုးတက် ကောင်းမွန်လာစေရေး အကောင်အရေအတွက် အလိုက် လိုအပ်မည့် မွေးမြူမည့်နေရာ ပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေး ဆိုင်ရာလိုအပ်ချက်၊ စဉ်ဆက် မပြတ်သည့် မွေးမြူထုတ်လုပ်မှု စသည်ဖြင့် စနစ်ကျနသည့် မွေးမြူရေးအစီအမံများ ရှိရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် တွံတေးမြို့နယ်အတွင်းရှိ မွေးမြူ ရေးဇုန်များအတွင်း မွေးမြူရေး လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်း နေထိုင် သည့် ပြည်သူများ အသား၊ ငါးနှင့် ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျ စီမံချက်ရေးဆွဲ အကောင်အထည် ဖော် ဆောင်ရွက်သွားကြစေလို ကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးဇုန် အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ များကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် ရန်ကုန်- တွံတေးသွား ကားလမ်းမကြီး တစ်လျှောက် မော်တော်ယာဉ်များ ဖြင့် လှည့်လှည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တံတား(ဒလ)သို့ ရောက်ရှိကြကာ နိုင်ငံတော်သမ္မတက ရန်ကုန်မြစ် အတွင်း မြစ်ကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများနှင့်မြို့ပြဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တို့နှင့်ပတ်သက်၍ တာဝန်ရှိသူများ ကို လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**✻ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံ ကိန်းဂဏန်းအချက်လက်များ ပြည့်စုံမှန်ကန်မှု ရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်**

**✻ ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများ လုံလောက်စွာဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်သွားရန်လို**

**✻ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချထားပေးသည့် မြေနေရာများအား အခြားနည်းများဖြင့် သုံးစွဲမှုများမရှိအောင်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လို**



တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း ကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုတွေ့ရစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

## ရေတိုကာကွယ်ရေးနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဩဂုတ် ၂၉

ရောဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တာမိုင် ၁၁/၆ နှင့် ၁၁/၇ အကြားနေရာ၌ ရောဝတီမြစ်မှ ခွဲထွက်လာသော တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေတိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တာဝန်ရှိသူများနှင့် အတူ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန်-မအူပင် လမ်းကြောင်းအတိုင်း ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပွားခဲ့သည့်နေရာသို့သွားရောက်ပြီး လမ်းကြောင်းတစ်လျှောက် ရေဝပ်ဧရိယာ ဖြစ်ပေါ်နေမှုများ၊ ရေဆင်းလမ်းကြောင်း ပိတ်ဆို့နေမှုများ၊ ရေကျော်နေရာ ဖြစ်ပေါ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် နေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ ဒေသခံ ရပ်မိရပ်ဖများနှင့် ပြည်သူများက တိုးမြစ်အတွင်း မြစ်ကြမ်းပြင် ရေတိုက်စားမှု အခြေအနေများ၊ ရောဝတီမြစ်ခွဲမှ ခွဲထွက်သွားသည့် တိုးမြစ်၏ အစပိုင်း ပေ ၄၅၀၀ ခန့် အကွာ၌ မြစ်ကွေ့နေရာတည်ရှိပြီး မြစ်ကွေ့နေရာ နှစ်မိုင်ခန့်အတွင်း ရေနက်စီးကြောင်းသည် မာယူ/ချောင်းဖျားကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ ဂန်ချောင်းကျေးရွာနှင့် ထုံးဝကျေးရွာများသို့ ဦးတည်ရွေ့လျား ပြောင်းလဲလာပြီး မြစ်ကမ်းပါး ရေတိုက်စားမှုများကြောင့် နှစ်စဉ် ကမ်းပါးပြိုကျပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများ၊ ဂန်ချောင်းကျေးရွာအနီး မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် ပေ ၁၅၀ မှ ၂၆၅ ပေခန့်အထိ မြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ ယနေ့အထိ နှစ်ပေါင်း ၄၀ ကျော် အတွင်း စိုက်ပျိုးမြေများအပါအဝင် စုစုပေါင်း မြေဧရိယာ ၁၀၀၀ ကျော်ခန့်ပျက်စီးဆုံးရှုံးခဲ့ကာ မြစ်တစ်ဖက်ကမ်းတွင် မြေနုကျွန်း ဧက ၈၅၀ ပေါ်ထွန်းတည်ရှိနေသည့် အခြေအနေများ၊ ဒေသတွင်း ရေဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မူလတာ၏ အနောက်ဘက်များတွင် ပန်းတာ၊ ဖြတ်တာတို့အား ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ်အထိ စုစုပေါင်း ၁၂ ခုခန့် ဆောင်ရွက်ပေးခဲ့သည့် အခြေနေများ၊ ယခု ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှု ဖြစ်ပွားခဲ့မှုကို ကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက် ဆင်ခြေလျှော တိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ ပန်းတနော်မြို့နယ်ရှိ ဒေါင့်ကြီး၊ နံ့ဂါတ်၊ တောကျောင်း၊ ပေါက်ချောင်း၊ ကဇင်းတော၊ ကျောင်းစု၊ ကဿဝင်ကျေးရွာများနှင့် မအူပင်မြို့နယ်ရှိ ချောင်းကြီး၊ ဂန်ချောင်း၊ လှည်းဆိပ်ကျေးရွာများ ကမ်းပြိုမှုကင်းဝေးရန်နှင့် ရောဝတီမြစ် ရေလမ်းဖွံ့ဖြိုးရေး အတွက် ရေရှည်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လာမည့်နှစ်များအတွင်း ယခုကဲ့သို့ တာပေါင်များ ရေတိုက်စားမှု ဖြစ်စဉ်များနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များလျော့ကျစေရေးအတွက် မြစ်ကြောင်းများ တစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများ အားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များကို စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရေရှည် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုပြီး ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ် ဖြစ်ပွားမှုများကို ကြိုတင်တားဆီး ကာကွယ် လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ ရေစီးဆင်းရာ လမ်းကြောင်းအတိုင်း စီးဆင်းနိုင်မှုမရှိခြင်းကြောင့်သာ ရေများ အထက်မှ အောက်သို့ မစီးဆင်းနိုင်ဘဲ ဘေးဘက်နေရာများသို့ တိုက်စားစီးဆင်းသွားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြစ်ချောင်းများ၏ ရေစီးရေလာ အခြေအနေများကို အမြဲမပြတ် လေ့လာဆန်းစစ် သုံးသပ်ပြီး လိုအပ်သည့်မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ် စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေရန်လိုကြောင်း။

**❖ နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင် ဆောင်ရွက်သွားရန်လို**

### စနစ်တကျ သုံးသပ်တွက်ချက်

ရေလမ်းကြောင်းပေါ်ရှိ မြေနုကျွန်းများ တူးထုတ်ရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း စက်သုံးဆီသုံးစွဲမှု အခက်အခဲ မဖြစ်ပေါ်စေရေး အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့် မြေတူးစက်များဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက် လျက်ရှိကြောင်း၊ ရောဝတီမြစ် အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများ တစ်လျှောက် သောင်တူးဖော်ခြင်း လုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည် ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုများကို များစွာ လျော့ပါးစေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေး ဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသကဲ့သို့ ရေရှည် အတွက်လည်း စနစ်တကျသုံးသပ် တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက် သွားရန်လိုကြောင်း၊** မြစ်ချောင်းများ တစ်လျှောက် ပိတ်ဆို့နိုင်သည့် နေရာများကို စနစ်တကျရှင်းလင်း ဆောင်ရွက်သွားမည် ဆိုပါက ရေစီးဆင်းမှုများ ကောင်းမွန်ပြီး ရေကြီးရေလျှံမှုများကို များစွာ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခု ကဲ့သို့ တာကိုယ်ထည်ရေတိုက်စား မှုကြောင့် ပြိုကျမှုများကို အချိန်မီ ထိန်းသိမ်းပြုပြင် ဆောင်ရွက် သကဲ့သို့ အခြားတာရိုးများ တစ်လျှောက် ရေတိုက်စားနိုင် သည့် နေရာများကိုလည်း ကြိုတင် ပြင်ဆင် ကာကွယ်ခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ »»»





ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

»»» စာမျက်နှာ ၄ မှ

**❖ ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံ ကြုံတွေ့ရလျက် ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လို**

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံ ကြုံတွေ့ရလျက် ရှိပြီး လတ်တလော ဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှု ဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတု ပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ရေရှည် အကျိုးအတွက် စီမံတွက်ချက် ဆောင်ရွက်သွားကြရန် လိုကြောင်း၊

ယခုရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် ညောင်တုန်းကျွန်းတာ ရေတိုက်စားမှု ယာယီတားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ငဝန်တာ တမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အမြန်ဆုံးပြီးစီးနိုင်ရေးအတွက်လည်း ရနိုင်သမျှသော အင်အားစုများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊

တစ်ချိန်တည်း၌ပင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ၏ နေအိမ်၊ စိုက်ပျိုးရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်မှုများကိုလည်း စနစ်တကျစစ်တမ်းကောက်ယူသွားရန် လိုကြောင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ထောက်ပံ့မှုများ အချိန်မီပေးအပ်နိုင်ရေးနှင့် ပြည်သူများ၏ နေထိုင်စားသောက်ရေး အခက်အခဲမရှိစေရေး တာဝန်ရှိသူ သက်ဆိုင်ရာဌာနများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊

ရန်ကုန်-မအူပင်သွားကားလမ်း ဘေးဝဲ/ယာတစ်လျှောက် ရေများ မြောင်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေး အတွက် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများက စနစ်တကျဖြင့် ရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရေထွက်လမ်းကြောင်းများ ကောင်းမွန်နေမှသာ ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကားလမ်းတစ်လျှောက်ရေကျော်သည့်နေရာများ၌ လမ်းသားမြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပွားခဲ့မှုအပေါ် ယာယီကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်း ရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှော တိုက်စားမှု ကာကွယ်ရန် Geo Textile ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တာပေါင်ပြုပြင်ရာတွင် လက်ရှိအခြေအနေကိုသာ ဖြေရှင်းခြင်းမဟုတ်ဘဲ နောင်တွင် ရေမြင့်တက်လာသည့် အခြေအနေများကိုပါ ခံနိုင်ရည်ရှိစေရေး ထည့်သွင်းတွက်ချက်ကာ စနစ်တကျပြန်လည်တည်ဆောက်ပြုပြင်သွားရန်နှင့် လိုအပ်သည့် စက်ယန္တရား၊ လူအင်အားနှင့် ပစ္စည်းများကို စနစ်တကျစုစည်း အသုံးပြု၍ လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



✦ မြန်မာ့ရိုးရာမှ

"မြန်မာမှုကို မြတ်နိုးတဲ့သူတွေ ပုဂံကို တကူးတကသွားစရာမလိုဘဲ ရန်ကုန်မြို့မှာ မြန်မာ့လက်မှုပစ္စည်းဝယ်လို့ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိရာက ဆိုင်ဖွင့်ဖြစ်သွားတာပါ။ ရန်ကုန်မြို့ခံတွေလည်း အားပေးသလို နိုင်ငံခြားသားတွေလည်း လာရောက်အားပေးကြပါတယ်။ နိုင်ငံခြားသားတွေထဲမှာဆိုရင် တရုတ်နဲ့ ကိုရီးယားက မြန်မာ့လက်မှုပစ္စည်းကို ပိုပြီးဝယ်ယူ အားပေးကြပါတယ်" ဟု အဆိုပါ မြန်မာ့လက်မှုပစ္စည်း အရောင်းဆိုင်တာဝန်ခံက ပြောသည်။

အဆိုပါအရောင်းဆိုင်၌ ရန်ကုန်မြို့ရှိ ဟိုတယ်၊ တည်းခိုခန်း၊ ကုမ္ပဏီ၊ စားသောက်ဆိုင်နှင့် နေအိမ်များတွင် အလှဆင်နိုင်ရန် ယွန်းထည်များဖြစ်သည့် မြန်မာ့စောင်း၊ ပတ္တလား၊ ယွန်းဆွမ်းအုပ်၊ ယွန်းရွှေဖလား၊ ယွန်းလက်ကောက်၊ ယွန်းဆွဲကြိုး၊ ကြယ်သီး၊ ဗီရို၊ အံဆွဲ၊ သေတ္တာ၊ ရေနွေးအိုး၊ ဝိုင်ခွက်၊ ဇီးကွက်၊ ရှေးရိုးရာထမင်းချိုင့်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ၊ သစ်သားပစ္စည်းများဖြစ်သည့် ကရဝိတ်ဖောင်တော်၊ ရေနွေးအိုးအစုံ၊ မြန်မာ့ဆိုင်းဝိုင်း၊ ဆေးတံ၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ အရုပ်မျိုးစုံ၊ ပုတီးမျိုးစုံ၊ လာဘ်ကောင်မျိုးစုံနှင့် အရုပ်မျိုးစုံကိုလည်း ပြသထားသည်။

ထို့ပြင် မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်များဖြစ်သည့် မန္တလေးတောင်၊ မန္တလေးကျုံး၊ ဦးပိန်တံတား၊ စောင်းအလှနှင့် ပုဂံနန်းတွင်းသူအလှတို့ကို စတေကာရိုက်နှိပ်ထားသောအင်္ကျီများ၊ ဘော်ကြယ်များဖြင့် အလှဆင်ထားသည့် အင်္ကျီများကိုလည်း ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်း - သစ္စာ(MNA)၊ ဓာတ်ပုံ - ဖွဲ့မာန်

✤ ပန်းလောင်မြစ်မှ

လှည်ပတ်မည်ဆိုပါက အသွားအပြန် စက်လှေနဲ့ လှည့်ပတ်ရတယ်။ ခရီးသည်တွေအန္တရာယ်ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီ (Life Jacket) တွေကို မဖြစ်မနေ ဝတ်ဆင်ပေးတယ်။ ပန်းလောင်မြစ်ရေတံခွန်ကို အပေါ်စီးက မြင်ရတဲ့ ပန်းလောင်းမြစ် View Point ကို သွားတဲ့အခါ Travel Guide တစ်ယောက်ကို အနီးကပ် ဝန်ဆောင်မှုပေးထားတယ်။ အထူးအစီအစဉ်အနေနဲ့ နေ့လယ်စာကို ရေသန့်၊ ကော်ဖီ၊ အအေး၊ ကြက်သားကာလသားချက်၊ ဆိတ်သားခြောက်ဖုတ်၊ မြစ်ငါးကြော်၊ ဆူးပုပ်ဟင်းချို၊ ငရုတ်သီးထောင်း၊ ခွေးတောက်ရွက်ကြော်၊ ရေနွေးကြမ်းနဲ့ ညှိခံပါတယ်။ ပန်းလောင်မြစ်ရေတံခွန်၊ ကင်းတားလေးဆည်နဲ့ ပိန္နဲပင်ကြိုးတံတားတို့ကို စက်လှေနဲ့ သွားမယ်ဆိုရင် လူကြီးတစ်ဦးကို ငွေကျပ်ရှစ်သောင်းနဲ့ ဆယ်နှစ်အောက် ကလေးတွေကို ငွေကျပ်ငါးသောင်း ကုန်ကျမှာဖြစ်ပါတယ်။ ဝန်ဆောင်မှုအားလုံး အတွက် ထပ်ဆောင်းပေးဆောင်းစရာမလိုတော့ပါဘူး။ ဒါပေမဲ့ ခရီးစဉ်ပတ်ကေ့တွေတော့ ရှိပါတယ်။ အဲဒါကတော့ ငွေကျပ် ရှစ်သောင်းတန်နဲ့ နှစ်သောင်းတန်ဆိုပြီး နှစ်မျိုးရှိပါတယ်။ ပတ်ကေ့တွေကို ကြိုတင်မှာယူလိုပါက ၀၉-၈၉၇၄၄၂၈၄ နဲ့ ၀၉-၆၉၃၀၃၆၇၂၇ တို့ကို ဆက်သွယ်နိုင်ပါတယ်ဟု ၎င်းက ပြောသည်။



ပန်းလောင်မြစ်အတွင်း လှေစီးကာ လှည့်ပတ်လျက်ရှိသည့် ခရီးသွားတစ်ဦးကို တွေ့ရစဉ်။

**လမ်းညွှန်ချက်**

သွားရောက် လှည့်ပတ်မည်ဆိုပါက ကူမဲမြို့ ၂၁ မိုင်လမ်းခွဲ ကတ္တရာလမ်းမကြီး တည့်တည့်အတိုင်း ကားဖြင့် မိနစ် ၃၀ ခန့် မောင်းလာလျှင် ကင်းတားဆည်ထိပ်သို့ရောက်ရှိမည်ဖြစ်ပြီး လမ်းခွဲအဝင် ညာဘက်တွင် ပန်းလောင်မြစ်သို့ ဆိုသည့် ဆိုင်းဘုတ်ကို တွေ့ရမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ညအိပ်လိုပါက ပန်းလောင်မြစ်ကမ်း တစ်လျှောက် ညအိပ်အပန်းဖြေစခန်း များစွာ ရှိကြောင်း သိရသည်။

အဆိုပါဒေသသည် ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော ကင်းတားရေလှောင်တမံနှင့် ရေလွှဲဆည်များ၏ ရေပြင်ကျယ်နှင့် သဘာဝရှုခင်းများကြောင့် အလွန်သာယာလှပကာ အနားယူအပန်းဖြေစရာနေရာ တစ်ခုဖြစ်သည်။ ပူးပြင်းခြောက်သွေ့သော အပူပိုင်းဒေသ အလယ်တွင် စိမ်းလန်းစိုပြည်လျက် ရာသီဥတုကို ထိန်းညှိပေးနေသည့် သဘာဝ အရင်းအမြစ် အိုအေစစ်လေးပင် ဖြစ်ပါသည်။

ထို့ကြောင့် သွားရောက် အပန်းဖြေစရာနေရာ တစ်ခုကို အများပြည်သူ သိရှိရန်အလို့ငှာ ဖော်ညွှန်းလိုက်ရပါသည်။

သန်းတင်အောင် (ကြေးမုံ)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါးတစ်ပုဒ်အား တုံ့ပြန်ခြင်း

ဥပဒေလေ့လာသူတစ်ဦး

> လူမျိုးသုဉ်းစေမှုကဲ့သို့သော အလွန်အရေးကြီးသည့် ပြစ်မှုများ၌ သက်သေပြချက်များသည် သံသယဖြစ်ဖွယ် တစိုးတစိမျှမရှိရလေအောင် (Beyond reasonable doubt) ခိုင်လုံမှုရှိရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားစီရင်ထုံးများက လက်ခံထားကြသည်။ ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရန် တမင်ရည်ရွယ်ချက် (Mens Rea)ရှိကြောင်း၊ ထိုရည်ရွယ်ချက်ကို အထမြောက်အောင် တမင်လုပ်ဆောင်မှု(Actus Reus)ရှိကြောင်း ခိုင်လုံစွာ သက်သေပြရမည်ဖြစ်သည်။ "၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုက လူအုပ်စုတစ်စုကို ငတ်မွတ်မှုဖြစ်စေရန် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်"ဟု ဆောင်းပါးရှင်၏ ရေးသားမှုမှာ အထက်ပါဥပဒေထုံးစံများနှင့် အလှမ်းကွာလှပြီး လမ်းဘေးမှ လူပြိန်းတစ်ဦး၏ မလိုတမာ စွပ်စွဲပြောဆိုမှုအဆင့်ထက် များစွာမပိုလှပေ။

ဩစတြေးလျနိုင်ငံအခြေစိုက် Asia Pacific Center for the Responsibility to Protect မှ အကြီးတန်းသုတေသီ Yuyun Wahyuningrum က ဩစတြေးလျနိုင်ငံ Lowy Institute သုတေသနဌာနမှ လွှင့်တင်ထားသော The Interpreter အမည်ရှိ အင်တာနက် မီဒီယာ ဝက်ဘ်ဆိုက်တွင် "Starvation as a Weapon: The ICJ Myanmar Case Could Redefine Genocide" (အငတ်ထားခြင်းကို လက်နက်တစ်ခုအဖြစ် အသုံးပြုမှု၊ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ မြန်မာနိုင်ငံအမှုသည် လူမျိုးသုဉ်းစေမှုကို ပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်စေနိုင်သည်) ဟူသော ဆောင်းပါးတစ်ပုဒ်ကို ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ရေးသားထားခဲ့ကြောင်း တွေ့ရှိသတိပြုမိပါသည်။

အပြည်ပြည်ဆိုင်ရာ တရားရုံး၌ မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့အကြား ဖြစ်ပွားနေသော အမှုကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးအပိုင်းဖြစ်သော နှစ်ဖက်နှုတ်ဖြင့်ထွက်ဆိုစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက် တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေချိန်တွင် ယခုဆောင်းပါး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သာမန်အားဖြင့် ကြည့်လျှင် ဤဆောင်းပါးသည် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည့် သုံးသပ်ချက်တစ်ခုဟု ထင်မြင်ရသော်လည်း၊ နောက်ကွယ်တွင် ဖုံးကွယ်ထားသော ရည်ရွယ်ချက်များရှိနိုင်သည်ကို မှန်းဆသိမြင်နေရသဖြင့် ယင်းဆောင်းပါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဥပဒေလေ့လာသူတစ်ဦး၏အမြင်ကို ထုတ်ဖော်တင်ပြရခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးတွင် ဆောင်းပါးရှင်က လူမျိုးသုဉ်းစေမှု Genocide ဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း၏ ပုဒ်မ(၂)(ဂ)ကို ရည်ညွှန်း၍ သူ၏ကိုယ်ပိုင်အမြင်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားထားမှုကို တွေ့ရသည်။

အဆိုပါကွန်ဗင်းရှင်း၏ ပုဒ်မ(၂)မှာ လူမျိုးသုဉ်းစေမှုဟု သတ်မှတ်ခေါ်ဆိုနိုင်သောလုပ်ရပ်များကို ဖွင့်ဆိုထားခြင်းဖြစ်ပြီး ပုဒ်မ(၂)(ဂ)မှာ လူအုပ်စုတစ်စု (နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ဘာသာရေးအုပ်စု) တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် "ယင်းအုပ်စု၏ ရုပ်ပိုင်းဆိုင်ရာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအခြေအနေများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း"နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းလေးထောင်ကျော် ဝေးကွာသော ဩစတြေးလျနိုင်ငံတွင် နေထိုင်သူ ဆောင်းပါးရှင်သည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းခုနစ်ထောင်ကျော် ဝေးကွာသော ဂမ်ဘီယာနိုင်ငံကဲ့သို့ပင် ပကတိမြေပြင်အခြေအနေ ဖြစ်ရပ်များနှင့် ကင်းကွာသည့် တစ်ဖက်သတ် သတင်းစကားအချက်အလက်များကို အခြေပြု၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

၎င်းက အမှု၏ပဓာနကိစ္စဖြစ်သော ၂၀၁၇ ခုနှစ်၊ ARSA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရှိ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို လူအုပ်ဖွဲ့တိုက်ခိုက်ခဲ့ရာမှ ကျယ်ပြန့်သွားခဲ့သည့် ပဋိပက္ခဖြစ်ရပ်မတိုင်မီ ကာလရှည်ကြာစွာကပင် မြန်မာအစိုးရက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြဋ္ဌာန်း၍ ယင်းဒေသရှိ ဘင်္ဂါလီ(၎င်း၏အခေါ် ရိုဟင်ဂျာ) အုပ်စုများကို နိုင်ငံမဲ့ဖြစ်စေပြီး တမင်သက်သက် ရည်ရွယ်ချက်ဖြင့် နေထိုင်သွားလာပိုင်ဆိုင်မှုကို ကန့်သတ်၍ လုပ်ကိုင်စားသောက်၍မရ ဖြစ်စေကာ ငတ်မွတ်အောင် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

တစ်ဖန် ၂၀၁၇ ခုနှစ် ဖြစ်ရပ်ကြောင့် ယင်းဒေသရှိ ဘင်္ဂါလီအချို့ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြသောအခါ ထိုသူတို့ပိုင်ဆိုင်သည့် လယ်ယာများကို မြန်မာအစိုးရက သိမ်းယူပြီး စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို သိမ်းဆည်းခြင်း၊ အခြားသူများကို မြေခွဲဝေပေးခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့ပြန်သည်။

အဆိုပါစွပ်စွဲချက်များကို လေ့လာပါက ဆောင်းပါးရှင်သည် အကြီးတန်းသုတေသီဟုဆိုသော်လည်း သတင်းအချက်အလက်များကို စနစ်တကျရှာဖွေစုဆောင်း ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ခြင်း မရှိဘဲ ရမ်းသန်းစွပ်စွဲမှုများနှင့် ရှေ့နောက်မညီမှုများကို တွေ့ရပေသည်။

ဥပမာအားဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် ယင်းဒေသရှိ ဘင်္ဂါလီအုပ်စုများကို နိုင်ငံမဲ့ဖြစ်စေရန် တမင်ပြုစုပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံသားဖြစ်မှုဆိုင်ရာ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာတစ်နိုင်ငံလုံးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား စသည်ဖြင့် နိုင်ငံသားဖြစ်ခွင့်ပေးထားပြီး ထိုဥပဒေအရ နိုင်ငံသားလက်မှတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားသော ဘင်္ဂါလီနွယ်ဖွားများစွာရှိပြီး ဖြစ်သကဲ့သို့ နိုင်ငံသားအဖြစ် စိစစ်သတ်မှတ်ပေးနိုင်ရန် လျှောက်ထားဆဲဦးရေမှာလည်း အများအပြားရှိနေသည်မှာ ပကတိအမှန်တရား ဖြစ်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းကျမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမှာမူ မည်သည့်လူမျိုးမဆို တရားမဝင် ဝင်ရောက်လာသူများ အဖြစ်သာ သတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာဖြစ်ပေသည်။ ကမ္ဘာပေါ်၌လည်း တရားမဝင် ဝင်ရောက်လာသူများနှင့်ပတ်သက်၍ မိမိတို့ဆိုင်ရာ လူဝင်မှုဥပဒေများဖြင့် အသီးသီးအရေးယူဆောင်ရွက်ကြသည်သာဖြစ်၏။

ဩစတြေးလျနိုင်ငံ၌လည်း တရားမဝင် ဝင်ရောက်လာသူများကို တင်းကျပ်စွာ စိစစ်ပြီး ဩစတြေးလျနိုင်ငံအတွင်း၌ ထိန်းသိမ်းရေးစခန်းခုနစ်ခုအပြင် နိုင်ငံပြင်ပဖြစ်သော နော်ရူးကျွန်း၌လည်း ငွေပေး၍ နေရာငှားရမ်းကာ စခန်းဆောက်လုပ်ထားရှိနေသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ထိုသူတို့သည် ယင်းစခန်းများမှ လွတ်လပ်စွာထွက်ခွာ၍ သွားလာခွင့်၊ လယ်ယာလုပ်ကိုင်ခွင့်များ ရရှိကြပါသလောဟု မေးလျှင် ထိုဆောင်းပါးရှင် မည်သို့ဖြေကြားမည်ကို သိလိုလှမိသည်။

မြန်မာနိုင်ငံတွင် ဘူးသီးတောင်၊ မောင်တော အပါအဝင် ဒေသများ၌ ဆောင်းပါးရှင် ကိုယ်တိုင်ဝန်ခံထားသကဲ့သို့ ဘင်္ဂါလီနွယ်ဖွားများသည် လယ်ယာလုပ်ကိုင်ခွင့်၊ ငါး၊ ပုဇွန်မွေးမြူရေးကန်များ လုပ်ကိုင်ခွင့်ရရှိကြသလို အချို့မှာ မြို့ကြီးများ၌ လုပ်ငန်းရှင်ကြီးများအဖြစ်ပင် ရောက်ရှိနေကြသည်ကို မြန်မာနိုင်ငံသားများက သိရှိကြပါသည်။

ထိုသို့ မှားယွင်းသောအချက်အလက်များကို အခြေခံ၍ ဆောင်းပါးရှင်က စွပ်စွဲထားသည့်အပြင် ဥပဒေဆိုင်ရာနှင့်ပတ်သက်၍လည်း သူ၏သိနားလည်မှုမှာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ဝေးကွာဆဲဖြစ်ကြောင်း တွေ့ရပြန်သည်။

လူမျိုးသုဉ်းစေမှုကဲ့သို့သော အလွန်အရေးကြီးသည့် ပြစ်မှုများ၌ သက်သေပြချက်များသည် သံသယဖြစ်ဖွယ် တစိုးတစိမျှ မရှိရလေအောင် (Beyond reasonable doubt) ခိုင်လုံမှုရှိရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားစီရင်ထုံးများက လက်ခံထားကြသည်။ ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရန် တမင်ရည်ရွယ်ချက် (Mens Rea) ရှိကြောင်း၊ ထိုရည်ရွယ်ချက်ကို အထမြောက်အောင် တမင်လုပ်ဆောင်မှု (Actus Reus) ရှိကြောင်း ခိုင်လုံစွာ သက်သေပြရမည်ဖြစ်သည်။ "၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုက လူအုပ်စုတစ်စုကို ငတ်မွတ်မှုဖြစ်စေရန် တမင်ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်သည်" ဟု ဆောင်းပါးရှင်၏ရေးသားမှုမှာ အထက်ပါဥပဒေထုံးစံများနှင့် အလှမ်းကွာလှပြီး လမ်းဘေးမှ လူပြိန်းတစ်ဦး၏ မလိုတမာ စွပ်စွဲပြောဆိုမှုအဆင့်ထက် များစွာမပိုလှပေ။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ တရားရုံးသည် ကမ္ဘာပေါ်၌ အဆင့်အမြင့်ဆုံးတရားရုံးဖြစ်ပြီး ထိုသို့အပြင်ဘက်မှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ထင်ရာမြင်ရာရေးသားမှုဖြင့် နိုင်ငံတကာ ကွန်ဗင်းရှင်းဥပဒေတစ်ရပ်ကို လိုရာဆွဲ၍ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးရန် အကြောင်းမရှိပေ။

အပြည်ပြည်ဆိုင်ရာ တရားရုံးပဋိညာဉ်ပုဒ်မ(၃၈)အရ အမှုစီရင်ဆုံးဖြတ်ရာ၌ အသုံးပြုရမည့် ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေနှင့် အခြေခံသဘောတရားများ၊ စီရင်ထုံးများ စသည့်အချက်များ၌လည်း ဤအကြောင်းအရာမပါရှိပေ။ အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ်၏ ပုဒ်မ(၆၀)အရ တရားရုံး၏ စီရင်ချက်သည် အပြီးသတ်ဖြစ်ပြီး စီရင်ချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ အငြင်းပွားမှုရှိပါက အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းဆိုပိုင်ခွင့်မှာ အမှုတွင် ပါဝင်ရင်ဆိုင်လျက်ရှိကြသော နိုင်ငံများထံ၌သာ ရှိလေသည်။

သို့ပါလျက် ဤကဲ့သို့ တာဝန်မရှိသူတစ်ဦးက ဤအမှုကိစ္စတွင် မဆီမဆိုင် ဝင်ရောက်ပြောကြားနေမှုမှာ ဥပဒေအကြောင်းခြင်းရာများကိုလည်း သေချာစွာမလေ့လာ၊ ပကတိမြေပြင်ရှိ အမှန်တရားများကိုလည်း သေချာမသိဘဲ တောရမ်းပယ်ဖွဲ့ ထင်ကြေးများဖြင့် မဟုတ်မတရား စွပ်စွဲခြင်းသာဖြစ်ကြောင်း ထင်ရှားနေပေသည်။

မြေပြင်အခြေအနေတွင် ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့ကို ရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်း ရရှိကြပြီး လူမျိုးသုဉ်းရန်ဝေးစွ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှ သံတမန်များ၊ သတင်းစာသမားများကိုယ်တိုင် မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်သည်။ လုံခြုံရေးအခြေအနေအရ ယာယီတိုက်ပွဲရှောင်လာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက် ထောက်ပံ့ပေးလျက်ရှိသည်။

သို့သော်လည်း အဆိုပါဆောင်းပါးရှင်သည် အင်အားကြီးမားသော မီဒီယာစွမ်းအားကို အလွဲသုံးစားပြုလျက် အမှန်တရားကို ဥပေက္ခာပြုကာ မမှန်သတင်းအချက်အလက်များဖြင့် မှိုင်းတိုက်၍ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားသေးသိမ်အောင် တမင်သက်သက် ဆောင်ရွက်နေခြင်းသာ ဖြစ်မည်ဟု ယူဆရဖွယ်ရှိပေသည်။ ထိုသို့ မဟုတ်မမှန် လုပ်ကြံပြောဆိုမှုကို မတုံ့ပြန်ဘဲထားရှိပါက အမှားကြာလျှင် အမှန်ထင်သွားတတ်သည့်အတွက် အမှားတွေ့လျှင် အမှန်ပြင်ရမည့် တာဝန်ကိုယူကာ ရေးသားဖြေရှင်းလိုက်ရခြင်း ဖြစ်ပါသတည်း။ ။

# Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားခြင်းအပေါ် ဌာနမှ ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့် အခြေအနေများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငွေးရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်းနှင့် ဌာနမှ သတ်မှတ်ချက်ဖြင့် ကိုက်ညီသော လျှောက်ထားမှုများအတွက် သတ်မှတ်ကြေး ပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားများသည် ယခင်အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ ကြေညာခဲ့မှုအပေါ် Digital Smart မီတာအသစ်များကို Website မှတစ်ဆင့် လျှောက်ထားခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်မှ ၂၈ ရက်ထိ လျှောက်ထားသူ ၉၆၈၆ ဦး ရှိပြီး အဆိုပါ လျှောက်လွှာများထဲတွင် ဌာနမှသတ်မှတ်ထားသော အချက်အလက်အထောက်အထားများ မပြည့်စုံခြင်း/ မကိုက်ညီခြင်းတို့ကြောင့် လျှောက်လွှာ ၂၄၈၂ စောင်ကို လျှောက်ထားသူများထံ ပြန်လည်အကြောင်းကြား ပေးပို့ခဲ့ပြီး ပြည့်စုံသော လျှောက်ထားမှု ၇၂၀၄ စောင်အား ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ တပ်ဆင်ပြီးစီးမှုမှာ ၁၃၃၁ လုံးဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှောက်ထားသူများအား ဆက်လက်စိစစ်၍ Digital Smart Meter အသစ်များကို အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ Website မှတစ်ဆင့် လျှောက်ထားမှုစနစ်အရ ဝန်ဆောင်မှုကို လျင်မြန်စွာပေးနိုင်သဖြင့် လျှောက်ထားပြီး ၂၇ နာရီအတွင်း ပထမဦးဆုံးမီတာကို စတင်တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

၃။ ပြည်သူလူထုအနေဖြင့် လျှောက်ထားရာတွင် အခက်အခဲဖြစ်ပေါ်နေပါက ဌာနမှ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် User Guide အား ဝန်ကြီးဌာန Website (www.moee.gov.mm)တွင် ဖော်ပြထားရှိပါကြောင်း အသိပေး ပန်ကြားအပ်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) - ဝ၆၇-၃၄၁ဝ၄၆ဝ

(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) - ၁၇၁၇

(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) - ၁၆၁၆
ဝ၂-၄ဝ၃၉၃၃ဝ၊ ဝ၂-၄ဝ၇၃၆၆၆၊ ဝ၂-၄ဝ၇၂၆၁၈ (Hot Line)

(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ဝ၆၇-၃၄၁ဝ၄ဝ၇
ဝ၉-၆၈၂၂၃၂၆ဝဝ၊ ဝ၉-၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်နှင့် ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့တက်ရောက်ရန် ဩဂုတ် ၂၅ ရက်မွန်းလွဲပိုင်းတွင်ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး ညပိုင်းတွင်ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်လွှတ်တော်မှ တာဝန်ရှိသူများနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒုတိယဥက္ကဋ္ဌဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ဩဂုတ် ၂၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Ouch Borith နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၂၇ ရက်တွင် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၈ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




❖ စာမျက်နှာ ၂၄ မှ

အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်ဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့်မွန်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ်(တတိယ)အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၆ ခုနှစ်(တတိယ)အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာန(၁၄)ခုမှ အမှုထမ်း၊ အရာထမ်းများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တစ်သျှူးငှက်ပျောပင်များကို စတင်စိုက်ပျိုးပေး၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန်က ဦးဆောင်၍ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် အမှုထမ်းများက အတူတကွစိုက်ပျိုးခဲ့ကြပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ငှက်ပျောစိုက်ပျိုးနေမှုများ၊ ဘက်စုံခြံတွင် တီကောင်ချေးနှင့်ပစ်မြေသြဇာထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယနေ့အခမ်းအနားတွင် တစ်သျှူးငှက်ပျောအပင်အရေအတွက် (၆၀၀)ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ (၁၁)ကြိမ်မြောက်နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ အရှေ့မြို့ပတ်လမ်းမကြီးနှင့် ၃၃ လမ်းထောင့်ရှိ အမေ့လက်ရာအဆင့်မြင့်စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိအဖွဲ့ကိုယ်စားဦးကိုကိုက အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစီရင်ခံစာကို ဒေါက်တာထွန်းဝင်းကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ် ဦးမောင်နိုင်ကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းဆိုင်ရာကိစ္စရပ်များကို ရွေးချယ်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဇော်ဦးက ရှင်းလင်းတင်ပြပြီး အတည်ပြုချက်ရယူသည်။ ယင်းနောက် အသင်းအမှုဆောင်သစ်များ ရွေးချယ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသစ်အဖြစ် ဦးသိန်းဇော်အား မဲပေးရွေး ချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ဥက္ကဋ္ဌအသစ် ဦးသိန်းဇော်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့ပြီးနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၁)**



# အခြေခံပန်းအလှထိုးနည်း သင်တန်းဖွင့်လှစ်

**တောင်တွင်းကြီး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် အခြေခံပန်းအလှထိုးနည်းသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အခြေခံပန်းအလှထိုးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသူများအား အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်၊ အမျိုးသမီးများ လက်မှုအတတ်ပညာများကို အလွယ်တကူ သင်ယူတတ်မြောက်စေရန်၊ အိမ်တွင်းအလှဆင်ယင်တတ်စေရန်နှင့် တစ်နိုင်တစ်ပိုင်အပိုဝင်ငွေတိုးစေရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပန်းအလှပြင်ဆင်ထိုးပုံများ၊ အရောင်အသွေးတွဲစပ်မှုများကို စနစ်တကျ လက်တွေ့သင်ကြားပြသရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ အဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြကြောင်း သိရသည်။

**နောင်နောင်(မိသားနီးမြေ)**

# အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များ ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက် 5×5 အလွတ်တန်း/U-16 နှင့် 3×3(U-16 နှင့် U-18)အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီး မန္တလေး ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ယနေ့နံနက်ပိုင်းက ပထမအဆင့်အုပ်စုပွဲစဉ်များ ကျင်းပခဲ့သည်။

အဆိုပါ - 5x5အလွတ်တန်း အမျိုးသားပထမအဆင့်အုပ်စုပြိုင်ပွဲ(က)အုပ်စုတွင် Kaung Su Aung အသင်း၊ Amigo အသင်းနှင့် Resolute အသင်း၊ အုပ်စု(ခ)တွင် တောင်ကြီးအသင်း၊ UFO-အသင်းနှင့် ရိုးရိုးအသင်း၊ အုပ်စု(ဂ)တွင် Brotherhoodအသင်း၊ Moha အသင်းနှင့် Sagaingအသင်း၊ အုပ်စု(ဃ)တွင် Courage အသင်း၊ Formosa အသင်းနှင့် Prime အသင်း တို့ပါဝင်ကြပြီး ပထမအဆင့်အုပ်စုပွဲစဉ်အပြီးတွင် အုပ်စုပထမ Amigo အသင်းနှင့် အုပ်စုဒုတိယ Formosa အသင်း၊ အုပ်စု ပထမ တောင်ကြီးအသင်းနှင့် အုပ်စုဒုတိယ Kaung Su Aung အသင်း၊ အုပ်စုပထမ Moha အသင်းနှင့် အုပ်စုဒုတိယ ရိုးရိုး အသင်း၊ အုပ်စုပထမ Courage အသင်းနှင့် အုပ်စုဒုတိယ Brotherhood အသင်းတို့သည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက် ယှဉ် ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ၊ U-16 နှင့် 3×3 (U-16နှင့် U-18)အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ကွာတားဖိုင်နယ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**(တင်မောင်မန္တလေး)**

# အခြေခံရှေးဦးပြုစုခြင်း သင်တန်း(၁/၂၀၂၆)ဖွင့်လှစ်

**နမ့်စန် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း နမ့်စန်မြို့နယ် ကြက်ခြေနီအသင်းခွဲ၏ အခြေခံရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၅)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးဝင်းကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး နမ့်စန်ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအယ်လီဇာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစန်းယုဆွေနှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းအေးငြိမ်းတို့က သင်ထောက်ကူပစ္စည်းနှင့် အခြေခံလက်စွဲစာအုပ်များ ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းဦးက လက်ခံရယူခဲ့သည်။ အဆိုပါသင်တန်းကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ရှေးဦးပြုစုခြင်း အခြေခံသဘောတရားများ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ အရိုးနှင့်ကြွက်သားများထိခိုက်ဒဏ်ရာရခြင်း စသည့် ရှေးဦးပြုစုခြင်းဆိုင်ရာသင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၅၀ ဦး တက်ရောက်ခဲ့ကြောင်း နမ့်စန်မြို့နယ်ကြက်ခြေနီအသင်းထံမှ သိရသည်။



**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

(ယမန်နေ့မှအဆက်)

၁၀၅။ MMS UNECE R 152:2020 M1 နှင့် N1 မော်တော်ယာဉ်များ၏ အဆင့်မြင့်အရေးပေါ်ဘရိတ်စနစ် (AEBS)နှင့် စပ်လျဉ်း၍ မော်တော်ယာဉ် အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၆။ MMS ISO 10282:2023 တစ်ခါသုံး ပိုးသတ်ထားသော ရော်ဘာ ခွဲစိတ်ခန်းသုံး လက်အိတ်များ - စံသတ်မှတ်ချက်

၁၀၇။ MMS ISO 11193-1:2020 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ - အပိုင်း (၁) - ရော်ဘာစေးရည် သို့မဟုတ် ရော်ဘာအရည်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၈။ MMS ISO 11193-2:2006 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ - အပိုင်း(၂) - ပိုလီဗီနိုင်းကလိုရိုက်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၉။ MMS ASTM A 370 -24a သံမဏိထုတ်ကုန်များ၏ စက်မှု စမ်းသပ်ခြင်းအတွက် စံသတ်မှတ်ချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၁၀။ MMS ASTM A 706/A 706 M-25 ကွန်ကရစ်အားဖြည့်ရန်အတွက် အစင်းပါသောနှင့် သတ္တုစပ်နည်းပါးသော ရိုးရိုးသံမဏိချောင်းများအတွက် စံသတ်မှတ်ထားသော သတ်မှတ်ချက်

၁၁၁။ MMS ASTM A 751-25 သံမဏိထုတ်ကုန်များအား ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းအတွက် သတ်မှတ်ထားသော စမ်းသပ်နည်းများနှင့် လုပ်ထုံးလုပ်နည်းများ

၁၁၂။ MMS ASTM C 62-23 ဆောက်လုပ်ရေးလုပ်ငန်းသုံးအုတ်များ (မြေစေး(သို့မဟုတ်) ကျောက်စေးဖြင့် ပြုလုပ်ထားသော အတွင်းပိတ်အုတ်များ) အတွက် စံသတ်မှတ်ချက်

၁၁၃။ MMS ASTM C 67/ C 67M-25 အုတ်နှင့်ဖွဲ့စည်းပုံဆိုင်ရာ မြေခဲအုတ်ပြားများအား နမူနာယူခြင်းနှင့် စမ်းသပ်ခြင်းအတွက် စံသတ်မှတ်ထားသော စမ်းသပ်နည်းလမ်းများ

၁၁၄။ MMS ISO 247-2:2018 ရော်ဘာ - ပြာမှုန်ပါဝင်မှုသတ်မှတ်ခြင်း- အပိုင်း (၂) - အပူချိန်ဖြင့် ဒြပ်ထုပြောင်းလဲမှုကို ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်း (TGA)

၁၁၅။ MMS ISO 4074:2026 သဘာဝရော်ဘာစေးဖြင့် ပြုလုပ်ထားသော အမျိုးသားသုံး ကွန်ဒုံးများ - လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၁၆။ MMS ISO 6101-6:2018 ရော်ဘာ - အက်တမ်စုပ်ယူမှု ရောင်စဉ်တိုင်းကိရိယာဖြင့် သတ္တုပါဝင်မှုဆုံးဖြတ်ခြင်း - အပိုင်း(၆) - မဂ္ဂနီဆီယမ်ပါဝင်မှုဆုံးဖြတ်ခြင်း

၁၁၇။ MMS ISO 23464:2020 နိုက်ထရိုင်းလ် (Nitrile) ဖြင့် ပြုလုပ်ထားသော သန့်စင်ခန်းသုံးလက်အိတ်များ - စံသတ်မှတ်ချက်

၁၁၈။ MMS ISO/IEC 27002:2022 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာအကာအကွယ်ပေးရေး - သတင်းအချက်အလက် လုံခြုံရေးအတွက် ထိန်းချုပ်ရေးနည်းလမ်းများ

၁၁၉။ MMS ISO 20022-1:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် - အပိုင်း(၁) - မီတာမော်ဒယ် (အခြေခံပုံစံဖွဲ့စည်းမှု)

၁၂၀။ MMS ISO 20022-2:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် - အပိုင်း (၂) - UML (ပေါင်းစပ်မော်ဒယ်လ် ဘာသာစကား) ပရိုဖိုင်

၁၂၁။ MMS ISO 20022-3:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် - အပိုင်း (၃) - ပုံစံဖွဲ့စည်းခြင်း

၁၂၂။ MMS ISO 20022-4:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် - အပိုင်း (၄) - XML Schema ဖန်တီးခြင်း

၁၂၃။ MMS ISO 20022-5:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် - အပိုင်း(၅) - အယူအဆအဆင့် အပြန်အလှန်ချိတ်ဆက်သုံးစွဲနိုင်မှုနှင့် နောက်ပြန်ဆန်းစစ်ခြင်း

၁၂၄။ MMS ISO 20022-6:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် - အပိုင်း (၆) - မက်ဆေ့ချ် ပို့ဆောင်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ

၁၂၅။ MMS ISO 20022-7:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် - အပိုင်း (၇) - စာရင်းသွင်းခြင်း (သို့မဟုတ်) မှတ်ပုံတင်ခြင်း

၁၂၆။ MMS ISO 20022-8:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ - ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် - အပိုင်း (၈) - ASN.1 ဖန်တီးခြင်း

၁၂၇။ MMS ISO/TR 23455:2019 ဘလော့ချိန်းနှင့်ဖြန့်ဝေထားသော စာရင်းအင်းနည်းပညာများ - ဘလော့ချိန်းနှင့် DLT စနစ်များရှိ စမတ်စာချုပ်များ၏ ခြုံငုံသုံးသပ်ချက်နှင့် ၎င်းတို့အကြား အပြန်အလှန်ဆက်စပ်ဆောင်ရွက်မှုများ

၁၂၈။ MMS ISO/ASTM 52900:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - ယေဘုယျစည်းမျဉ်းများ - အခြေခံအချက်များနှင့် ဝေါဟာရ

၁၂၉။ MMS ISO/ASTM 52901:2017 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - ယေဘုယျစည်းမျဉ်းများ - ဝယ်ယူထားသော AM အပိုင်းအစများအတွက် လိုအပ်ချက်များ

၁၃၀။ MMS ISO/ASTM 52910:2018 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ(Additive Manufacturing) - ဒီဇိုင်းပုံဖော်ခြင်း - လိုအပ်ချက်များ၊ လမ်းညွှန်မှုများနှင့် အကြံပြုချက်များ

၁၃၁။ MMS ISO/ASTM 52911-1:2019 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - ဒီဇိုင်းပုံဖော်ခြင်း - အပိုင်း(၁) - သတ္တုများအတွက် လေဆာအသုံးပြု၍ အမှုန့်အလွှာကို ပေါင်းစပ်အရည်ကျိုသည့်နည်းလမ်း

၁၃၂။ MMS ISO/ASTM 52915:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) ဖိုင် ပုံစံသတ်မှတ်ချက် (AMF) အတွက် စံသတ်မှတ်ချက် - ဗားရှင်း ၁.၂

၁၃၃။ MMS ISO/ASTM 52927:2024 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - ယေဘုယျစည်းမျဉ်းများ - အဓိကဂုဏ်သတ္တိများနှင့် ယင်းတို့အတွက် သက်ဆိုင်ရာ စစ်ဆေးနည်းများ

၁၃၄။ MMS ISO/ASTM 52942:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းများ - အာကာသယာဉ်သုံးလေဆာအမှုန့်အလွှာပေါင်းစပ် သတ္တုထုတ်လုပ်ရေးစက်များနှင့်စက်ပစ္စည်းများအတွက် စက်ကိုင်တွယ်သူများ၏ အရည်အချင်း သတ်မှတ်ခြင်း

၁၃၅။ MMS ISO/ASTM 52950:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - ယေဘုယျစည်းမျဉ်းများ - ဒေတာပြင်ဆင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၆။ MMS ISO 17295:2023 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - အထွေထွေအခြေခံမှုများ - ထုတ်လုပ်မည့်အစိတ်အပိုင်း၏ နေရာချထားခြင်း၊ ကိုဩဒီနိတ်စနစ်နှင့် ဦးတည်ချက် သတ်မှတ်ခြင်း

၁၃၇။ MMS ISO 17296-2:2015 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) - ယေဘုယျစည်းမျဉ်းများ - အပိုင်း (၂) - ထုတ်လုပ်မှုလုပ်ငန်းစဉ် အမျိုးအစားများနှင့် ပါဝင်အသုံးပြုသော ပစ္စည်းများဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၈။ MMS ISO 740:1976 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကာဗွန်နိတ် - စုစုပေါင်းပျော်ဝင်သည့် အယ်လ်ကာလီပမာဏကို တိုင်းတာခြင်း - တိုက်ထရေးရှင်း ဓာတ်ခွဲနည်းစဉ်

၁၃၉။ MMS ISO 918:1983 စက်မှုလုပ်ငန်းသုံး အငွေ့ပြန်နိုင်သော အော်ဂဲနစ်အရည်များ - ပေါင်းခံခြင်းဆိုင်ရာ ဝိသေသလက္ခဏာများကို တိုင်းတာခြင်း

၁၄၀။ MMS ISO 2480:1972 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကလိုရိုက် - ဆာလ်ဖိတ်ပါဝင်မှုကို တိုင်းတာခြင်း - ဘေရီယမ်ဆာလ်ဖိတ် ဂရက်ဗီမက်ထရစ်နည်းစဉ်

၁၄၁။ MMS ISO 5796:2000 ရော်ဘာပေါင်းစပ်ပါဝင်ပစ္စည်းများ - သဘာဝကယ်လ်စီယမ်ကာဗွန်နိတ် - စမ်းသပ်ခြင်းနည်းစဉ်

၁၄၂။ MMS ISO 701:1998 နိုင်ငံတကာဂီယာအမှတ်အသားစနစ်-ဂျီဩမေတြီဆိုင်ရာ သင်္ကေတများ

၁၄၃။ MMS ISO 1122-1:1998 + Cor 1:1999 + Cor 2:2009 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ - အပိုင်း (၁) - ဂျီဩမေတြီဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၄၄။ MMS ISO 1122-2:1999 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ - အပိုင်း (၂) - worm ဂီယာအတွက် ဂျီဩမေတြီဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁၄၅။ MMS ISO 21049:2004 ပန့်များ - centrifugal နှင့် rotary ပန့်များအတွက် Shaft sealing စနစ်များ

၁၄၆။ MMS ISO 21630:2007 ပန့်များ - စမ်းသပ်စစ်ဆေးခြင်း - ရေဆိုးများနှင့် အလားတူအရာများအတွက် အသုံးပြုသည့် ရေအောက်ရောနှောစက်များ

၁၄၇။ MMS 64 : 2026 ဒီဇယ်ဆီ (500 ppm, 50 ppm, 10 ppm) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၈။ MMS 65 : 2026 E10 Gasohol (RON 70) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၉။ MMS 66 : 2026 ဓာတ်ဆီ (RON 91) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၀။ MMS 67 : 2026 ဓာတ်ဆီ (RON 92) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၁။ MMS 68 : 2026 ဓာတ်ဆီ (RON 95) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၂။ MMS 69 : 2026 ဓာတ်ဆီ (RON 97) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၃။ MMS ISO 21625:2020 ဝါးနှင့် ဝါးထွက်ကုန်ပစ္စည်းများဆိုင်ရာ ဝေါဟာရများ

၁၅၄။ MMS ISO 21626-1:2020 ဝါးမီးသွေး - အပိုင်း (၁) - ယေဘုယျအချက်များ

၁၅၅။ MMS ISO 21626-2:2020 ဝါးမီးသွေး - အပိုင်း(၂) - လောင်စာအဖြစ် အသုံးပြုခြင်း

၁၅၆။ MMS ISO 21626-3:2020 ဝါးမီးသွေး - အပိုင်း (၃) - သန့်စင်ခြင်းဆိုင်ရာ အသုံးပြုမှုများ

၁၅၇။ MMS ISO 21629-1:2021 ဝါးဖြင့်ပြုလုပ်ထားသော ကြမ်းခင်းပြားများ - အပိုင်း (၁) - အိမ်တွင်း၌ အသုံးပြုခြင်း

၁၅၈။ MMS ISO/IEC/IEEE 12207:2026 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ - ဆော့ဖ်ဝဲဘဝဖြစ်စဉ်လည်ပတ်မှုလုပ်ငန်းစဉ်များ

၁၅၉။ MMS ISO/IEC 20000-10:2018 သတင်းအချက်အလက်နည်းပညာ - ဝန်ဆောင်မှုစီမံခန့်ခွဲမှု - အပိုင်း (၁၀) - အယူအဆများနှင့်ဝေါဟာရများ

၁၆၀။ MMS ISO/IEC/IEEE 24748-1:2024 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ - ဘဝဖြစ်စဉ်လည်ပတ်မှုအား စီမံခန့်ခွဲခြင်း - အပိုင်း (၁) - ဘဝဖြစ်စဉ်လည်ပတ်မှုစီမံခန့်ခွဲရန် လမ်းညွှန်ချက်များ

၁၆၁။ MMS ISO/IEC/IEEE 24765:2017 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ - ဝေါဟာရများ

၁၆၂။ MMS ISO/IEC 25000:2014 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ- စနစ်နှင့်ဆော့ဖ်ဝဲအရည်အသွေးလိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) - SQuaRE အတွက် လမ်းညွှန်

၁၆၃။ MMS ISO/IEC 25010:2023 စနစ်နှင့်ဆော့ဖ်ဝဲအင်ဂျင်နီယာ - စနစ်နှင့်ဆော့ဖ်ဝဲ အရည်အသွေးလိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) - ထုတ်ကုန်အရည်အသွေးမော်ဒယ်

၁၆၄။ MMS ISO/IEC/IEEE 27032:2023 ဆိုက်ဘာလုံခြုံရေး - အင်တာနက်လုံခြုံရေးအတွက် လမ်းညွှန်ချက်များ

၁၆၅။ MMS ISO/IEC 27701:2025 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာကာကွယ်မှု - ကိုယ်ရေးကိုယ်တာအချက်အလက် စီမံခန့်ခွဲမှုစနစ်များ- လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ

၁၆၆။ MMS ISO/IEC 29110-4-3:2018 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ - အလွန်သေးငယ်သောအဖွဲ့အစည်းများ (Very Small Entities (VSEs)) အတွက် ဘဝဖြစ်စဉ်လည်ပတ်မှုပရိုဖိုင်များ - အပိုင်း (၄-၃) - ဝန်ဆောင်မှုပေးအပ်ခြင်း - ပရိုဖိုင်သတ်မှတ်ချက်

၁၆၇။ MMS ISO/IEC/IEEE 29119-1:2022 ဆော့ဖ်ဝဲနှင့် စနစ်အင်ဂျင်နီယာ - ဆော့ဖ်ဝဲစမ်းသပ်ခြင်း - အပိုင်း (၁) - အထွေထွေ အယူအဆများ

၁၆၈။ MMS ISO/IEC/IEEE 90003:2018 ဆော့ဖ်ဝဲအင်ဂျင်နီယာ - ကွန်ပျူတာဆော့ဖ်ဝဲတွင် ISO 9001:2015 ကို အသုံးချရန် လမ်းညွှန်ချက်များ

၁၆၉။ MMS ISO 12100:2010 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး - ဒီဇိုင်းဆွဲခြင်းအတွက် ယေဘုယျစည်းမျဉ်းများ- ဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဘေးအန္တရာယ်လျှော့ချခြင်း

၁၇၀။ MMS ISO/TR 22100-1:2021 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး - ISO 12100 နှင့်ဆက်စပ်မှု အပိုင်း (၁) - ISO 12100 သည် အမျိုးအစား-B နှင့် အမျိုးအစား-C စံချိန်စံညွှန်းများနှင့်မည်သို့ဆက်စပ်ပုံ

စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ

၁၇၁။ MMS ISO/TR 22100-2:2013 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး - ISO 12100 နှင့် ဆက်နွှယ်ပုံ -အပိုင်း (၂) - ISO 12100 သည် ISO 13849-1 နှင့် မည်သို့သက်ဆိုင်ပုံ

၁၇၂။ MMS ISO/TR 22100-3:2016 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး - ISO 12100 နှင့် ဆက်နွှယ်ပုံ- အပိုင်း(၃) - ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများတွင် လူသားချင်းစာနာမှုဆိုင်ရာ (Ergonomic) မူများ ကျင့်သုံးအကောင်အထည်ဖော်ခြင်း

၁၇၃။ MMS ISO 32000-1:2008 စာရွက်စာတမ်းစီမံခန့်ခွဲမှု - သယ်ယူရလွယ်ကူသော စာရွက်စာတမ်းပုံစံ အပိုင်း (၁) - PDF 1.7

၁၇၄။ MMS ISO/IEC TR 24368:2022 သတင်းအချက်အလက်နည်းပညာ - ဉာဏ်ရည်တုနည်းပညာ - ကျင့်ဝတ်ဆိုင်ရာနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ စိုးရိမ်မှုများ၏ ခြုံငုံသုံးသပ်ချက်

၁၇၅။ MMS ISO/IEC TR 63306-1:2020 စမတ်ကျသော ကုန်ထုတ်လုပ်မှု စံချိန်စံညွှန်းမြေပုံ (SM2) - အပိုင်း(၁) -မူဘောင်

၁၇၆။ MMS IEC TR 63319:2025 စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ရည်ညွှန်းပုံစံများကို မီတာ-မော်ဒယ်လ်အသုံးပြု၍ ဆန်းစစ်လေ့လာသည့်နည်းလမ်း

၁၇၇။ MMS ISO 8000-1:2022 ဒေတာအရည်အသွေး - အပိုင်း (၁)- ခြုံငုံသုံးသပ်ချက်

၁၇၈။ MMS ISO 10303-1:2024 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစပ်ခြင်း - ထုတ်ကုန်အချက်အလက်ဖော်ပြခြင်းနှင့်ဖလှယ်ခြင်း - အပိုင်း (၁) - ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၇၉။ MMS ISO 15926-10:2019 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစည်းခြင်း - ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံများအပါအဝင် စက်မှုလုပ်ငန်းသုံး စက်ရုံများအတွက် သက်တမ်းလည်ပတ်မှု ဒေတာပေါင်းစည်းခြင်း- အပိုင်း (၁၀) - လိုက်လျောညီထွေမှုစမ်းသပ်ခြင်း

၁၈၀။ MMS ISO 22745-1:2010 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစပ်ခြင်း - ပွင့်လင်းသော နည်းပညာဆိုင်ရာ အဘိဓာန်များနှင့် ၎င်းတို့ကိုအခြေခံဒေတာ (Master Data) တွင်အသုံးပြုခြင်း - အပိုင်း(၁) - ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၈၁။ MMS ISO 20492-2: 2008 အဆောက်အဦများတွင် အသုံးပြုသောမှန် - လျှပ်ကာမှန် - အပိုင်း(၂) - ဓာတုအငွေ့များကြောင့် ဖန်မျက်နှာပြင်မှုန်ဝါးမှုအား စမ်းသပ်ခြင်း

၁၈၂။ MMS ISO 21690: 2021 အဆောက်အဦများတွင် အသုံးပြုသောမှန် - ဖန်တုံးများ - အတိုင်းအတာသတ်မှတ်ချက်များနှင့် စမ်းသပ်ခြင်းနည်းလမ်းများ

၁၈၃။ MMS ISO 59004:2024 စက်ဝိုင်းစီးပွားရေးစနစ် - အကောင်အထည်ဖော်ရန်အတွက် ဝေါဟာရများ၊ အခြေခံမူများနှင့် လမ်းညွှန်ချက်များ

## ရမည်းသင်းခရိုင်အတွင်း ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းလျာထားလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ရမည်းသင်း ဩဂုတ် ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာမြို့နယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း၊ ဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲကို ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဆောင်၊ ရမည်းသင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးဟန်မောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အဆင့် စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများမှ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**(အောင်ရဲကျော်)**

၀-၀-၀-၀-၀




## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသားသုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားသုံးဦးအား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၉ ရက်အထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၇ ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၆၀ အား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၀၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၈၉ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၈ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဗီအိုရင်တီးနား | ၀ | - | ၃ | ဖရိုစီနုန် |
| မွန်ဇာ | ၂ | - | ၃ | အူဒီးနီစ် |
| ဆက်ဆူအိုလို | ၂ | - | ၁ | တိုရီနို |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လီဗန်တေး | ၅ | - | ၂ | ဘက်တစ် |
| ဆိုစီဒက် | ၂ | - | ၁ | အက်စ်ပန်ညို |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| စထရာဘော့စ် | ၂ | - | ၁ | လန်းစ် |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ကိုလုံး | ၃ | - | ၂ | ဟော်ဖန်ဟိမ်း |
| လိုက်ပဇစ် | ၃ | - | ၀ | မိုချန်ဂလာဘတ် |
| ယူနီယံဘာလင် | ၃ | - | ၃ | ဖရန့်ဖတ် |
| ဒေါ့မွန် | ၂ | - | ၀ | ဟမ်းဘတ် |

## လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မင်းကင်း ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့တွင် 'လူငယ်နှင့်အနာဂတ်' ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း Grade-11(B) ခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျင်ငိုက်မန်က အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ဂျူလိုင်နေဝင်းက 'လူငယ်နှင့်အနာဂတ်' ခေါင်းစဉ်ဖြင့် ဆက်လက်ဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးသူငယ် အလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၇၀ ဦးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀




## အိုမာမာမွတ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် စပါးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၉**

စပါးအသင်းသည် မန်စီးတီး အသင်း တိုက်စစ်မှူး အိုမာမာမွတ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စပါးအသင်းတွင် ကျောနံပါတ် ၂၂ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အိုမာမာမွတ်သည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၂ပွဲကစားကာ ၁၆ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် လက်ရှိ ဈေးကွက်အတွင်းတွင် ကစားသမားရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ပြောင်းရွှေ့အသုံးစရိတ် စုစုပေါင်း ယူရို သန်း ၂၅၀ ဝန်းကျင်အထိ အသုံးပြုထားသည်။ **(ယာပုံ) (NGB)**




## မာလစ်ဒီယော့ဖ် ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ် (၂၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၉**

နောက်ခံကစားသမားသစ် မာလစ်ဒီယော့ဖ် ဘရန့်ဖို့ဒ်အသင်းတွင် ကျောနံပါတ် ၂၅ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိ ဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းမှ ဘရန့်ဖို့ဒ်အသင်းသို့ ၂၀၃၁ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား မာလစ်ဒီယော့ဖ်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် မာလစ်ဒီယော့ဖ် အနေဖြင့် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**





## ဝီလ်ဆင်အိုင်စီဒေါ ဆန်းဒါးလန်းအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၂၉**

ဆန်းဒါးလန်းအသင်းသည် အသင်းတိုက်စစ်မှူး ဝီလ်ဆင်အိုင်စီဒေါကို ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဆန်ဒါးလန်းအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းအသင်းထုတ်ပြန်ချက်တွင် 'ဝီလ်ဆင်အိုင်စီဒေါကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတစ်ယောက်ပါ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်' ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ကီလီဂွန်ဇာလက်ဇ်ကို နည်းပြသစ်အဖြစ် အင်တာမိုင်ယာမီအသင်းခန့်အပ်

**လန်ဒန် ဩဂုတ် ၂၉**

အင်တာမိုင်ယာမီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ကီလီဂွန်ဇာလက်ဇ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် အာဂျင်တီးနားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၂)နှစ်အရွယ်ရှိ ကီလီဂွန်ဇာလက်ဇ်က 'ကျွန်တော့်အခုလို အင်တာမိုင်ယာမီအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**



## 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Arthur Fery တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Arthur Fery တက်ရောက်ခဲ့သည်။

အဆိုပါ ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Arthur Fery သည် 2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်း နစ်ကစားသမား Aleksandar Kovacevic ကို ၃-၆၊ ၇-၅၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Arthur Fery နှင့် ဩစတြေးလျတင်းနစ်ကစားသမား James Duckworth တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၈-၂၀၂၆ ည၈း၀၀နာရီ | ဖရိုင်းဘတ် - ဝါဒါဘရီမင် | ဖရိုင်းဘတ် ၁-၀ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၀-၃ ဖရိုင်းဘတ် |
| ၃၀-၈-၂၀၂၆ ည၁၀း၀၀နာရီ | အော့စ်ဘတ် - ရှော်လ်ကေး | အော့စ်ဘတ် ၁-၁ ရှော်လ်ကေး<br>ရှော်လ်ကေး ၂-၃ အော့စ်ဘတ် |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ရက်/အချိန် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၈-၂၀၂၆ တနင်္ဂနွေနေ့ | ညနေ၃း၃၀နာရီ | ရန်ကုန် - မဟာယူနိုက်တက် | ရန်ကုန် ၄-၀ မဟာယူနိုက်တက်<br>မဟာယူနိုက်တက် ၀-၂ ရန်ကုန် |
| ။ | ။ | ရန်ကုန်စီးတီး - ရှမ်း | ——— |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၃၀-၈-၂၀၂၆ ည၇း၃၀နာရီ | ပါရီ - နိစ် | ပါရီ ၁-၀ နိစ်<br>နိစ် ၁-၁ ပါရီ |
| ၃၀-၈-၂၀၂၆ ည၉း၄၅နာရီ | ရင်းနက်စ် - လီယန်းစ် | ——— |
| ၃၁-၈-၂၀၂၆ နံနက်၀၁း၁၅နာရီ | မိုနာကို - မာဆေးလ် | မိုနာကို ၂-၁ မာဆေးလ်<br>မာဆေးလ် ၁-၀ မိုနာကို |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၈-၂၀၂၆ ည၇း၃၀နာရီ | ချဲလ်ဆီး - ဘရိုက်တန် | ချဲလ်ဆီး ၁-၃ ဘရိုက်တန်<br>ဘရိုက်တန် ၃-၀ ချဲလ်ဆီး |
| ။ | လိဒ်စ် - ဘရန့်ဖို့ဒ် | လိဒ်စ် ၀-၀ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၁-၁ လိဒ်စ် |
| ။ | ဆန်းဒါးလန်း - ဖူလ်ဟမ် | ဆန်းဒါးလန်း ၁-၃ ဖူလ်ဟမ်<br>ဖူလ်ဟမ် ၁-၀ ဆန်းဒါးလန်း |
| ၃၀-၈-၂၀၂၆ ည၁၀း၀၀နာရီ | မန်ယူ - အစ်ဆွစ်ချ် | မန်ယူ ၃-၂ အစ်ဆွစ်ချ်<br>အစ်ဆွစ်ချ် ၁-၁ မန်ယူ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၈-၂၀၂၆ ည၁၁း၀၀နာရီ | နာပိုလီ - ကိုမို | နာပိုလီ ၀-၀ ကိုမို<br>ကိုမို ၀-၀ နာပိုလီ |
| ၃၁-၈-၂၀၂၆ နံနက်၀၁း၁၅နာရီ | ကက်ဂလီယာရီ - အင်တာမီလန် | ကက်ဂလီယာရီ ၀-၂ အင်တာမီလန်<br>အင်တာမီလန် ၃-၀ ကက်ဂလီယာရီ |
| ။ | လာဇီယို - ဂျိနိုအာ | လာဇီယို ၃-၂ ဂျိနိုအာ<br>ဂျိနိုအာ ၀-၃ လာဇီယို |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၈-၂၀၂၆ ည၉း၃၀နာရီ | ရီးရဲလ်မက်ဒရစ် - မာလာဂါ | ရီးရဲလ်မက်ဒရစ် ၃-၂ မာလာဂါ<br>မာလာဂါ ၁-၂ ရီးရဲလ်မက်ဒရစ် |
| ၃၁-၈-၂၀၂၆ နံနက်၀၀း၀၀နာရီ | ဒီပို့တီဗို - ဗလင်စီယာ | ဒီပို့တီဗို ၁-၂ ဗလင်စီယာ<br>ဗလင်စီယာ ၂-၁ ဒီပို့တီဗို |
| ၃၁-၈-၂၀၂၆ နံနက်၀၂း၀၀နာရီ | ဆဲလ်တာဗီဂို - ဘီလ်ဘာအို | ဆဲလ်တာဗီဂို ၂-၀ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၁-၁ ဆဲလ်တာဗီဂို |

# ပန်းရန်တော်ချောင်းကူး ဖြူစင်မေတ္တာ ဘုရင့်နောင်တံတား ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၁လမ်းနှင့်၅၂လမ်းကြား၊ ၁၀၅လမ်းရှိ ပန်းရန်တော်ချောင်းကူး "ဖြူစင်မေတ္တာ ဘုရင့်နောင်တံတား" ဖွင့်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက အဆိုပါတံတားတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနှင့် ဦးနေမျိုးကျော်၊ ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ရာအိမ်မှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား စိတ်ကူးသစ်ကိုယ်ပိုင်ကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့က ကြိုဆိုပြီး တက်ရောက်လာကြသူများက ဘင်ခရာအဖွဲ့နှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ ဦးနေမျိုးကျော်၊ ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းတို့က တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားပေါ်မှ ဖြတ်သန်းလှည့်လည်ကြည့်ရှုကာ အမှတ်တရ ဓာတ်ပုံရိုက်ကူးပြီး စိတ်ကူးသစ်ကိုယ်ပိုင်ကျောင်း ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား အမှတ်တရပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၄၁)**



# မန္တလေး၊ နမ့်ခမ်းလူမှုကူညီရေးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ (၁၃)ကြိမ်မြောက် (ပဥ္စမပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူရာတွင် မစိုးရိမ်တိုက်သစ်မှ သံဃာတော်အပါး ၂၀၀ အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့နှင့်အတူ မန္တလေး၊ နမ့်ခမ်းလူမှုကူညီရေးအသင်းက ပူပေါင်း၍ ဆွမ်း၊ ဆွမ်းဟင်း၊ အရံဆွမ်းဟင်းများ လောင်းလှူကြပြီး အမျိုးသမီးအဖွဲ့ဝင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မကွေး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကြီးကန်ကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍအလိုက် ဆောင်ရွက်နေမှုများအား ဆွေးနွေးခဲ့ကြပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# အစိုးရနည်းပညာကောလိပ်(မန္တလေး)၌ Project Show & Talk Show ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာကောလိပ် (မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Project Show & Talk Show ဆုပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါကောလိပ်ခန်းမဆောင်၌ ကျင်းပသည်။



အခမ်းအနားတွင် ဒေါက်တာပြည့်ကျော်သူ(ဒုတိယညွှန်ကြားရေးမှူးချုပ်)မှ Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ဆက်လက်၍ Project Show-တွင် Voting စနစ်အရ ဆုရရှိသူများအား ဆုချီးမြှင့်ရာ တတိယဆုရသောအဖွဲ့အား တိုင်းဒေသကြီးကိုယ်စားလှယ် ဦးဆွေသန်းကလည်းကောင်း၊ ဒုတိယဆုရရှိသောအဖွဲ့အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦးကလည်းကောင်း၊ ပထမဆုရရှိသောအဖွဲ့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ကလည်းကောင်း အသီးသီး ဆုများချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဟိန်းမင်းဦး၊ ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ ကျောင်းအုပ်ကြီး ဒေါက်တာပြည့်ကျော်သူနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ရွှေရန်ကင်း)**

# ပြည်ကြီးတံခွန်မြို့နယ်၊ ဝန်ဆောင်(၅) သတင်းစာဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဝန်ဆောင်(၅) သတင်းစာဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက ချမ်းမြသာစည်မြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးသန်းအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူသဲနွယ်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားကာ အတည်ပြုချက်ရယူခဲ့ကြပြီး အမှုဆောင်အဖွဲ့က နုတ်ထွက်ကြောင်း ကြေညာသည်။ ထို့နောက် မြို့နယ်ဦးစီးအရာရှိရှေ့တွင် အသင်းသား၊ အသင်းသူများ၏ဆန္ဒအရ အမှုဆောင် အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်ခဲ့ပြီး ဥက္ကဋ္ဌ ဦးသန်းအောင်စိုး၊ အတွင်းရေးမှူး ဦးနန်းဝင်း၊ အဖွဲ့ဝင် ဦးအောင်ကျော်စန်း၊ အသင်းစာရင်းစစ်ခေါင်းဆောင် ဒေါ်သူဇာမျိုး၊ စာရင်းစစ်အဖွဲ့ဝင် ဦးမြအောင်တို့က ကတိသစ္စာခံယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြကြောင်း သိရသည်။



**(ဝဲပုံ)(ဝ၅၃)**

သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။

# မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ခရိုင်အားကစားနှင့် ကာယပညာ ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားဝါသနာရှင်များ ပူးပေါင်းကျင်းပသော ၂၀၂၆ခုနှစ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက ဂန့်ဂေါမြို့ မြို့နယ် အားကစားကွင်းတွင် ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိ၊ မြို့ဖများ၊ ပြိုင်ပွဲဝင်အားကစား သမားများနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်၍ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်က အ·ထ·က (ဂန့်ဂေါ)ကျောင်းမှ ဘင်ခရာ တပ်ဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ကာ မိုးရာသီအမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် စည်ပင်သာယာအသင်းနှင့် ပြစ်မအသင်းတို့မှ အားကစားသမားများအား တာဝန်ရှိသူများနှင့်အတူ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ထို့နောက် စည်ပင်သာယာအသင်းနှင့် ပြစ်မအသင်းတို့ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲတွင် စည်ပင်သာယာ အသင်းမှ ပြစ်မအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အုပ်စုအဖွင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည်။ အဆိုပါ ၂၀၂၆ခုနှစ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် ဘောလုံးအသင်းများဖြစ်သည့် အုပ်စု(က)တွင် ပြစ်မအသင်း၊ စည်ပင်သာယာအသင်း၊ Silver Star-FC အသင်းနှင့် ကျောတိုက်(ခ)အသင်း၊ အုပ်စု(ခ)တွင် ကျောတိုက်(က)အသင်း၊ မြို့မအသင်း၊ မြောက်ကုန်းအသင်းနှင့် မြို့သစ်ဦး အသင်းတို့ဖြင့် အုပ်စု(၂)စုခွဲကာ အုပ်စုပတ်လည် ပွဲစဉ်များကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၇ ရက်အထိ၊ ဆီမီးဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ၊ တတိယလုပွဲကို စက်တင်ဘာ ၁၂ ရက်နှင့် ဗိုလ်လုပွဲစဉ်ကို စက်တင်ဘာ ၁၃ ရက်တွင် မြို့နယ်ပြည်သူ့အားကစားကွင်းကြီးတွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မျိုးမင်း(ပြန်ဆက်)**





## မဟာအောင်မြေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တွေ့ဆုံပွဲ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၉**

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် မဟာအောင်မြေခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲကို မဟာအောင်မြေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှမင်းက အဖွင့်အမှာစကားပြောကြားပြီး မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က ခရိုင်အတွင်း တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ကာ မိမိတို့ဆောင်ရွက်နေသည့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးတိုးဝင်း၊ အဖွဲ့ဝင် ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်ဌေး၊ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ငါန်းဇွန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူ၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၅၀)**

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ရွှေချည်ထိုး၊ ငွေချည်ထိုးသင်တန်းသားသစ် ခေါ်ယူ

**မန္တလေး ဩဂုတ် ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ အခမဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ရွှေချည်ထိုး၊ ငွေချည်ထိုး သုံးလသင်တန်းအား အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် အခမဲ့ ပညာသင်ကြားခွင့်၊ ရေ၊ မီး အပြည့်အစုံ အဆောင်အခမဲ့နေထိုင်ခွင့်၊ တစ်လလျှင် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၃၀၀၀၀၊ စားစရိတ် တစ်ရက်လျှင် ငွေကျပ် ၁၅၀၀ နှုန်း အကျိုးခံစားခွင့်ရမည်ဖြစ်သည်။



သင်တန်းတက်ရောက်လိုသူများသည် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း အခြေခံပညာမူလတန်း အောင်မြင်သူဖြစ်ရမည်။ ရက်ကန်းပညာရပ် စိတ်ဝင်စားပါက အသက်ကန့်သတ်ချက် လျှော့ပေါ့ပေးမည်ဖြစ်၍ အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ ဖုန်း ၀၉-၄၀၀၃၀၀၄၉၁ နှင့် ၀၉-၄၂၈၃၂၀၂၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ဝဲပုံ) (၀၄၅)**

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကျင်းပ

**အမရပူရ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများ စာပေဗဟုသုတများ ပိုမိုရရှိစေရန်၊ တွေးခေါ်မှုရင့်သန်စေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့ခိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာပြည့်ဖြိုးသီ၊ စာရေးဆရာ လူပြာထက်၊ စာရေးဆရာမ အမရပူရကြည်ပြာတို့က မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကို ကျင်းပရာ မြို့နယ်စာရေးဆရာအသင်း (Book Club)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတို့က စာရေးဆရာအောင်သင်း၏ လူငယ်ရဲ့ဘဝနှင့်တန်ဖိုးစာအုပ်ဖြင့် အသီးသီး ဆွေးနွေးကြပြီး စာရေးဆရာ၊ ဆရာမများက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်၊ စာစောင်များအား ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) လှဲ့လှဲ့ခိုင်**



## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးဆောင်ရွက်

**ကျိုင်းတုံ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ထုတ်ချေးပေးမည့် ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးဆောင်ရွက်ခြင်းကို ဩဂုတ် ၂၇ ရက်က အမှတ်(၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ထိုသို့ အသိပေးဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒေါ်သန်းသန်းထွေးက ချေးငွေများလျှောက်ထားရာတွင် အာမခံပစ္စည်း တင်ပြနိုင်ခြင်းမရှိသော လုပ်ငန်းများအတွက် CGI စနစ်ဖြင့် ချေးငွေများ လျှောက်ထားရယူနိုင်ပါကြောင်း၊ ထို့အပြင် အာမခံပစ္စည်းတင်ပြနိုင်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများကို လျှောက်ထားရယူနိုင်ပြီး သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်းကို ဒေသခံစီးပွားရေးလုပ်ငန်းရှင်ပြည်သူများအား အသိပေးပြောကြားရာ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**မြို့နယ်(ပြန်/ဆက်)**

# ဓာတ်လိုက်မှုအန္တရာယ်မဖြစ်ပေါ်စေရန် မြေဓာတ်ချခြင်းနည်းပညာ

မောင်မောင်စွယ်စုံထွန်း

မြေဓာတ်ချခြင်းဆိုသည်မှာ ကမ္ဘာမြေကြီးအား လျှပ်စစ်စနစ်တစ်ခုလုံး၏ ပတ်လမ်းတစ်ခုအဖြစ် အသုံးပြုရန်နည်းလမ်းဖြစ်သည်။ လျှပ်စစ်ကိုအန္တရာယ်ကင်းစွာ အသုံးပြုစေနိုင်ရန် လုပ်ဆောင်ရမည့်ကိစ္စများထဲတွင် Earth ချခြင်းသည် အရေးကြီးသည့်လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။

(၁) လူနှင့်သက်ရှိသတ္တဝါများကို လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်၊

(၂) မတော်တဆဖြစ်ပေါ်သော Fault Current ကြောင့် လျှပ်စစ်ပစ္စည်းများပျက်စီးခြင်းမှကာကွယ်ရန်၊

(၃) လျှပ်စစ်စနစ်အတွင်းတပ်ဆင်ထားသော Protective Device (အကာအကွယ်ပစ္စည်း)များကို မှန်ကန်စွာ အလုပ်လုပ်စေနိုင်ရန်၊

(၄) လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် အန္တရာယ်ကင်းစွာဆောင်ရွက်နိုင်ရန်တို့အတွက် Earth ချခြင်းကို မဖြစ်မနေလုပ်ဆောင်ကြရပါသည်။

လျှပ်စစ်စီးနိုင်သောသတ္တုပစ္စည်းများတွင် လျှပ်စစ်ယိုစီးမှုကြောင့် အသုံးပြုသူတွင် အန္တရာယ်ရှိနိုင်ပါသည်။ လျှပ်စစ်စီးနေသော Wire ကြိုးသည်ပေါက်ပြဲနေ၍ ထိုကြိုးကိုတိုက်ရိုက်ကိုင်လျှင် Direct Contact ဖြစ်ပါက အလွန်ကိုဆိုးရွားပြီး အသက်အန္တရာယ်ထိခိုက်စေနိုင်မည့် အခြေအနေအထိရှိပါသည်။ ထို့အပြင် လျှပ်စစ်ဓာတ်အားပေးပြီး အသုံးပြုရသည့်ပစ္စည်းများတွင်လည်း လျှပ်စစ်ယိုစီးမှုကြောင့် ထိုပစ္စည်းကို အသုံးပြုသူက ထိမိလျှင် Indirect contact သည်လည်း အန္တရာယ်ရှိနိုင်ပါသည်။

ထို့ကြောင့် လျှပ်စစ်ယိုစီးမှုကြောင့်လူနှင့်သတ္တဝါများတွင် အန္တရာယ်မဖြစ်စေရန် Electrical equipment များကို Earth ချထားပေးရန် လုံးဝလိုအပ်ပါသည်။ ထိုသို့ Electrical equipment များအား Earth ချခြင်းကို Equipment Grounding ဟုခေါ်ပါသည်။ Leakage Current (ယိုစီးလျှပ်စစ်)ကို မြေကြီးထဲသို့ စီးသွားစေနိုင်ရန် လမ်းကြောင်း ပြုလုပ်ပေးခြင်းဖြစ်ပါသည်။ ကောင်းမွန်သော Earthing System တစ်ခုဖြစ်ရန် အောက်ပါအတိုင်းသတ်မှတ်ထားကြပါသည်။

**(၁) Earth Resistance (မြေဓာတ်ခုခံမှု) နည်းပါးရပါမည်။**

အကြမ်းအားဖြင့် 10ohm အောက်ရောက်နေလျှင် ကောင်းသည်ဟု သတ်မှတ်ထားသော်လည်း တချို့နေရာများအတွက် တိကျစွာသတ်မှတ်ထားသည့် ohm ပမာဏရှိပါသည်။ Earth resistance သည် Zero Ohm ဆိုလျှင် အကောင်းဆုံးဖြစ်ပြီး နိုင်ငံတကာစံအဖွဲ့အစည်းများဖြစ်သော IEEE နှင့် NFPA တို့တွင် အနည်းဆုံး 5ohm or Less than 5ohm ဖြစ်ရမည်ဟု ဖော်ပြထားပါသည်။ Telecommunication နှင့်ပတ်သက်သောနေရာများတွင် Less than 5ohm ဟု သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ Electical Equipment များ၏ Body earth, System earth များသည် 2ohm ထက်မပိုရပါ။ Transformer Neutral Point ၏ Earthing system အတွက် Earth Resistance သည် 2ohm ထက်မပိုရပါ။ (မိုးကြိုးလွှဲစနစ်များအတွက် Earth Resistance သည် 10ohm ထက်မပိုရပါ။)

**(၂) Earth electrode နှင့် Earth Wire တို့သည် Corrosion (သံချေးတက်စားမှု) နည်းပါးရမည်။**

**(၃) မြင့်မားသောလျှပ်စစ်ပမာဏကို မြေကြီးအတွင်းသို့ အချိန်တိုအတွင်းတိုက်ရိုက်ပို့နိုင်ရပါမည်။**

**(၄) Earth Electrode , Earth Wire တို့၏ Joint Connection တို့သည် ခုခံမှုနည်းရမည်။** Corrosion နည်းပါးပြီး တာရှည်ခိုင်ခံ့ခြင်း စသည့်အရည်အသွေးများရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် Earth electrode များ တစ်ချောင်းနှင့်တစ်ချောင်းဆက်သည့် Joint နေရာများတွင် loose မဖြစ်စေရန် အထူးဂရုပြုရပါမည် အကယ်၍ Loose ဖြစ်ခဲ့လျှင် Resistance များပြီး Earth မမိနိုင်ပါ။ Earth Electrode(မြေစိုက်ငုတ်)အဖြစ် Copper(ကြေးနီ)သည် လျှပ်ကူးမှုကောင်းပြီး ခုခံမှုလျော့နည်းသောကြောင့် အသုံးပြုရန် အသင့်တော်ဆုံးဖြစ်ပါသည်။ ထိုအရည်အသွေးများနှင့်ပြည့်စုံမှသာ ကောင်းမွန်သော Earthing System တစ်ခုဖြစ်လာပါမည်။ လျှပ်စစ်ဆိုင်ရာ၊ အဆောက်အအုံများတွင် များသောအားဖြင့် **Earth point 8 point** ချပေးရပါသည်။ ၎င်းတို့မှာ-

(၁) System Earth (Electrical Equipment များအတွက် ချပေးရသည့် Earth) (less than 2 ohm)

(၂) Lift Earth (less than 2ohm)

(၃) Lightining Arrestor Earth (less than 10ohm)

(၄) Transformer Body Earth(less than 2ohm)

(၅) Transformer Neutral Earth (X'mer ၏ Y point ကိုEarth ချခြင်း) (less than 2ohm)

(၆) Transformer LA Earth(less than 10ohm)

(၇) Generator Body Earth(less than 2ohm)

(၈) Generator Neutral Earth(less than 2ohm)တို့ ဖြစ်ပါသည်။

မြေဓာတ်ချခြင်းအမျိုးအစားနှင့် နည်းလမ်းများအား ဆက်လက်ဖော်ပြပေးပါမည်။ မြေဓာတ်ချခြင်း ပြုလုပ်သည့် နည်းလမ်းများစွာရှိပါသည်။ နေအိမ်အဆောက်အအုံ ဝါယာရင်း(သို့)စက်ရုံ(သို့) အခြားလျှပ်စစ်ပစ္စည်းနှင့် စက်ပစ္စည်းများကို ဆက်သွယ်ရာတွင်အသုံးပြုကြသည့် နည်းလမ်းများအမျိုးမျိုးရှိပါသည်။ မြေဓာတ်ချသည့်နည်းအမျိုးအစားများကို လေ့လာကြည့်ပါက အောက်ပါအတိုင်းတွေ့မြင်နိုင်ပါသည် -

**၁။ Plate Earthing**

**၂။ Pipe Earthing**

**၃။ Rod Earthing**

**၄။ Earthing through the waterman**

**၅။ Strip or Wire Earthing** ဟု တွေ့မြင်နိုင်ပါသည်။

**၁။ Plate Earthing**

ကြေးပြား ဖြစ်စေသံပြားဖြစ်စေ နှစ်ပေပတ်လည် အသုံးပြုပါသည်။ ကွာခြားသည်မှာ အထူ Thickness ဖြစ်ပါသည်။ ကြေးပြားဖြစ်ပါက ၃ မီလီမီတာ အထူဖြစ်ပြီး သံပြားဆိုလျှင် ၆ မီလီမီတာ အထူ အသုံးပြုရပါသည်။ မြေမြှုပ်မည့် ကျင်း Earth Pit သည် ၁၀ ပေ အောက်မနည်းရပါ။

**၂။ Pipe Earthing** မြေဓာတ်ချစနစ်မှာ အများဆုံးသုံးသည့် အမျိုးအစားဖြစ်ပါသည်။ စိုစွတ်သည့်မြေ တစ်ခု၌ အတည်ပြုထားသည့် အလျားနှင့် အချင်းရှိသည့် သွပ်ရည်စိမ်စတီးပိုက် (Galvanized Steel) နှင့် ပိုက်တစ်ချောင်းကို ဒေါင်လိုက်အနေအထား အသုံးပြုခြင်းဖြစ်ပါသည်။ ပိုက်အရွယ်အစားအား မြေအမျိုးအစားနှင့် လျှပ်စီးပမာဏ အပေါ်မှာမူတည်ပြီး အသုံးပြုပါသည်။ ပိုက်၏အတိုင်းအတာမှာ များသောအားဖြင့် အချင်း ၁လက်မခွဲ (၁ ဒသမ ၅ လက်မ)၊ အရှည် ၉ ပေရှိပါသည်။ သာမာန်မြေမှာ သုံးခြင်းဖြစ်ပါသည်။ ခြောက်သွေ့မာကျောလွန်းသည့်မြေနှင့် ကျောက်သားပေါသည့် မြေအမျိုးအစားများတွင် ပို၍ကြီးသွားမည်ဖြစ်သည်။ မြေကြီးထဲ မြေမြှုပ်ရန်ပိုက်၏ အလျားကို မြေအမျိုးအစားစိုထိုင်းဆအရ တွက်ချက်အသုံးပြုပါသည်။ သို့သော် ၁၅ ပေခန့်သာ ဖြစ်သင့်ပါသည်။

**၃။ Rod Earthing** အဆိုပါနည်းသည်လည်း Pipe Earthing အတိုင်းဖြစ်ပါသည်။လက်မဝက်(၁/၂ လက်မ) အချင်းရှိသည့် Copper rod (သို့မဟုတ်)၁၆ မီလီမီတာ အချင်းရှိသည့် စတီးပိုက် (Galvanized steel) (သို့မဟုတ်)၁ လက်မ GI ပိုက်ကို မြေကြီးထဲမှာ အရှည် ၂ ဒသမ ၅ မီတာ( ၈ ဒသမ ၂ ပေ)အထိ လူနှင့်ဖြစ်စေ တူနှင့်ဖြစ်စေ ထည့်သွင်းခြင်းဖြစ်ပါသည်။

**၄။ Earthing Through The Waterman** အဆိုပါနည်းလမ်းမှာ GI ပိုက်ကို မြေဓာတ်ချဖို့ ရည်ရွယ်ပြီးသုံးပါသည်။ GI ပိုက်၏ ခုခံမှု Resistance ကို သေချာအောင် စစ်ဆေးရပါမည်။ သင့်လျော်သည့် မြေဓာတ်ချဆက်သွယ်မှုဖြစ်လာစေရန်အတွက် Resistance တန်ဖိုးကို လျှော့ချဖို့ Earthing Clamps များကို သုံးပါသည်။ Earth Wire အဖြစ် အလွှန်း(Strand)ပါသည့် Conductor ကို သုံးမည်ဆိုပါက အဖျားပိုင်း အလွှန်းများကို သန့်ရှင်းအောင်လုပ်ပေးရပါမည်။ ဖြောင့်တန်းပြီးအပြိုင် အနေအထားနှင့် GI ပိုက် (Waterman Pipe)မှာ မြဲမြံတင်းကြပ်နေအောင် ပြုလုပ်ပေးထားရပါမည်။

**၅။ Strip or Wire Earthing** အဆိုပါနည်းလမ်းမှာ မြေဓာတ်ချမည့် Strip Electrode က ကန့်လန့်ဖြတ် အတိုင်းအတာ(၂၅ မီလီမီတာ×၁ ဒသမ ၆ မီလီ) အောက်မငယ်ရပါ။ အဆိုပါ Strip ကို ၁ ပေခွဲ(၀ ဒသမ ၅မီတာ)အနက် အနိမ့်ဆုံးရှိသည့် ရေပြင်ညီမြောင်းထဲတွင် မြှုပ်ပါသည်။ ကြေးပြားဆိုလျှင် ၁ လက်မ အကျယ်၊ ၄ မီလီမီတာ အထူ Strip ကို သုံးရပါသည်။ Round Conductor သုံးမည်ဆိုပါက ကန့်လန့်ဖြတ် ဧရိယာ ၂ မီလီမီတာအောက် မသေးငယ်သင့်ပါ။မြေထဲမှာ မြှုပ်ထားသည့် Conductor အလျားက လုံလောက်သည့် Earth Resistance ကို ပေးမှာဖြစ်ပြီး အဆိုပါ အလျား(အရှည်)သည် ပေ ၅၀ (50 feet)အောက် မနည်းသင့်ပါ။

ယခုလောက်ဆိုပါက Earth ချနည်းများကို သဘောပေါက်နားလည်နိုင်မည်ဖြစ်၍ မိုးကြိုးလွှဲတပ်ဆင်ခြင်းဆိုင်ရာ သိထားရမည့် အခြေခံအကြောင်းအရာများကို ဆက်လက်ရှင်းပြပေးလိုပါသည်။ မိုးကြိုးလွှဲစနစ် (Lightning Protection System) ဆိုသည်မှာ အဆောက်အအုံ တစ်ခုအား မိုးကြိုးပစ်သည့်အခါတွင် ထိမှန်ခံရသည့် အဆောက်အအုံအား ပျက်စီးမှုမရှိစေရန် ဖန်တီးတပ်ဆင်ထားသော မြေဓာတ်ချသည့်စနစ်တစ်ခုဖြစ်သည်။ မိုးကြိုးလွှဲစနစ်သည် ပြင်းထန်အားကြီးလွန်းသော ဗို့အားမြင့်မိုးကြိုးလျှပ်စီးကြောင်းအား မြေပြင်ထဲသို့ ဘေးကင်းစွာရောက်ရှိသွားစေရန် ဖန်တီးပေးသည်။

မိုးကြိုးလွှဲစနစ်တစ်ခုတွင် ထိမှန်လာမည့် မိုးကြိုးဒဏ်ကို ခံနိုင်ရည်ရှိရန် ဒီဇိုင်းထုတ်ထားသော မိုးကြိုးဖမ်းညို့တိုင် (Air Terminal)၊ မိုးကြိုးလျှပ်စစ်စီးကြောင်းကို သယ်ယူသည့် မိုးကြိုးသယ် လျှပ်ကူး (Conductor)၊ မိုးကြိုးလျှပ်စီးကြောင်းကို မြေပြင်ထဲရောက်ရှိစေရန် မြေပြင်ထဲသို့ ထိုးစိုက်ဆက်သွယ်ထားသော မြေစိုက်လျှပ်ငုတ် (Electrode) တို့ ပါဝင်သည်။ ESE (early streamer emission) ဟု ခေါ်သည့် မိုးကြိုးလွှဲစနစ်မှာပါဝင်သော အခြေခံအစိတ်အပိုင်းများမှာ··

**(၁) ဖြစ်ပေါ်လာသော မိုးကြိုးကို ဖမ်းယူနိုင်သော မိုးကြိုးလွှဲ (Air Terminal)**

**(၂) မိုးကြိုးလွှဲ (Air Terminal)မှ ဖမ်းယူရရှိထားသော မိုးကြိုးလျှပ်စီးကို အဆောက်အအုံနှင့် သက်ရှိ သတ္တဝါများကို မထိခိုက်စေဘဲ မြေကြီးစီသို့ ဆွဲချပေးသော ကြေးကြိုး (Down Conductor) များ**

**(၃) ကြေးကြိုး (Down Conductor) မှ ဆွဲချစီးဆင်းလာသော မိုးကြိုးလျှပ်စီးကို မြေကြီးထဲသို့ ခွဲဖြာစီးဆင်းစေသော မြေဓာတ်ချခြင်း (Earthing System) စနစ်များ**

**(၄) မိုးကြိုးလျှပ်စီးကြောင့် တစ်ဆင့်ခံဖြစ်လာသော ရှော့လျှပ်စီးများ (Over Voltage, Surge Voltage)ကို အကာအကွယ်ပေးသော မိုးကြိုးလွှဲ ဘရိတ်ကာ (Internal Surge Protector)များ** အဓိက ပါဝင်ပါသည်။ ဖော်ပြပါ အချက်များထဲက တစ်ခုခုမကောင်းလျှင် အချိတ်အဆက်မမိလျှင် မိုးကြိုးဒဏ်ကို ခံစားကြရမှာဖြစ်ပါသည်။

(၁) မိုးကြိုးလွှဲ (Air Terminal)ကို တပ်ဆင်မည့် မည်သည့်အဆောက်အအုံထက်မဆို (၂)မီတာ ပိုမြင့်၍ တပ်ဆင်ရမည်။

(၂) မိုးကြိုးလျှပ်စီးကို သယ်ဆောင်ပေးမည့် ကြေးကြိုး (Down Conductor) သည် ဧရိယာအနေဖြင့် အနည်းဆုံး 50 mm square ရှိရမည်။ လုံးပတ်၊ ကြေးကြိုး Round Conductor)နှင့် တိတ်ကြေးပြား (Flat Conductor)တွင် ဧရိယာချင်းတူပါက မျက်နှာပြင်ဧရိယာ ပိုမိုကျယ်ပြန့်သော တိတ်ကြေးပြား (Flat Conductor)ကို ပိုမိုရွေးချယ်အသုံးပြုကြပါသည်။ အထူးသဖြင့် Tin Coated Copper Flat Wire ကို အသုံးပြုရန်လိုအပ်ပါသည်။

(၃) Down Conductor ကို ဖြစ်နိုင်သမျှ တစ်ဖြောင့်တည်းတပ်ဆင်ရမည်ဖြစ်ပြီး ဆွဲချစီးဆင်းလာသော မိုးကြိုးလျှပ်စီးကို မြေကြီးထဲသို့ ခွဲဖြာစီးဆင်းစေနိုင်ရန် Earthing Point ဆီသို့ အတိုဆုံးအဖြောင့်ဆုံးလမ်းကြောင်းအတိုင်းတပ်ဆင်ရမည်။ သတိပြုရန်မှာ Down Conductor ဖြတ်သန်းရာလမ်းကြောင်းတွင် လျှပ်စစ်နည်းလမ်းအရ ညို့ဝင်နိုင်သော အခြားမည်သည့် Electrical Cable များမရှိစေရပါ။

(၄) အကယ်၍ Down Coductor ကို အဆောက်အအုံပြင်ပမှ သွယ်တန်းယူခြင်း မဖြစ်နိုင်ပါက Down Conductor ဝင်ဆန့်သော အရွယ်ဖြစ်သည့် ကာဗာ( Insulation, Non Flammable Duct ) ဖြင့် သွယ်တန်းနိုင်ပါသည်။ ဤနေရာတွင် အဆောက်အအုံအတွင်းမှ သွယ်တန်းခြင်းသည် အဆောက်အအုံအပြင်မှ Down Conductor သွယ်တန်းယူခြင်းထက် နီးစပ်ရာ Electrical Wire အတွင်းသို့ ရှော့ခ်လျှပ်စီး (Voltage Surge)များ ဝင်ရောက်နိုင်ခြေပိုများလာနိုင်ပါသည်။

(၅) Down Conductor ကို အဆောက်အအုံတွင် တပ်ဆင်ပါက လမ်းတစ်လျှောက် ၁ မီတာ အကွာအဝေးတိုင်းတွင် ကလစ် (Fixing Clamp) ဖြင့် သေချာစွာ တပ်ဆင်ရပါမည်။

(၆) Down Conductor ၏ အရှည်သည် ၂၀ မီတာထက် ပိုရှည်ပါက ၂၀မီတာအရှည်တိုင်းတွင် ဂျိုင်းဘောက်စ် (Expension Joint )ကို တပ်ဆင်ရမည် ဖြစ်ပါသည်။

(၇) Down Conductor ကို တပ်ဆင်ရာတွင် မြေပြင်နှင့် နီးကပ်လာချိန် မြေပြင်အထက် ၂မီတာကို ကာဗာပြွန် (Insulated Guard Tube) နှင့် အကာအကွယ်ပြုတပ်ဆင်ရမည်။ သို့မှသာ မိုးကြိုးလျှပ်စီးစီးဆင်းချိန်၌ လူနှင့်သက်ရှိတို့ မတော်တဆထိမိခြင်းမှ ကာကွယ်နိုင်ပါမည်။

(၈) Down Conductor မှ ဆွဲချစီးဆင်းလာသော မိုးကြိုးလျှပ်စီးကို မြေကြီးထဲသို့ ခွဲဖြာစီးဆင်းစေနိုင်ရန် Earthing Point ၏ Earthing Resistance ကို တိုင်းတာနိုင်ရန်အတွက် Earth Test Link Box ကို မြေပြင်အထက် ၁ ဒသမ ၅ မီတာတွင် တပ်ဆင်ထားခြင်းဖြင့် Earthing Resistance ကို လိုအပ်သလို ခွဲခြားတိုင်းတာနိုင်မည်ဖြစ်ပြီး သီးခြားသတ်မှတ်ချက်မရှိပါက Earthing Resistance သည် 10 Ohm အနည်းဆုံးရှိရမည်။ သီးခြားသတ်မှတ်ချက် ( ဥပမာ 2 Ohm) ဆိုပါက အဆိုပါ OHM တန်ဖိုးရရှိသည်အထိ Earthing စနစ်ကို ပြုလုပ်ရမည်။

(၉) Earth Conductor ကို မြေပြင်အောက် (- 500 mm ) အောက်တွင် အနိမ့်ဆုံးမြုပ်နှံတပ်ဆင်ရမည်။ Under Ground တွင် မြုပ်နှံတပ်ဆင်ထားသော Electrical Wire လမ်းကြောင်းများဖြင့် အနည်းဆုံး ၁ မီတာ အကွာတွင် ထားရှိရမည်ဖြစ်ပြီး Gas Pipe Line များ ပါဝင်ပါက ထိုလမ်းကြောင်းမှ အနည်းဆုံး ၃ မီတာအကွာတွင် ထားရှိရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် လျှပ်စစ်နည်းပညာတွင် Earth ချခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ခြင်းများသည် မဖြစ်မနေ ဆောင်ရွက်ကြရသောလုပ်ငန်းများဖြစ်ပြီး အသက်အန္တရာယ်ဖြစ်နိုင်ခြင်းမှ များစွာကာကွယ်ပေးသဖြင့် များစွာအကျိုးရှိစေပါသည်။ ယခုလောက်ဆိုပါက Earth ချခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ရာတွင် လိုက်နာဆောင်ရွက်သင့်သည်များကို သိရှိနိုင်မည်ဖြစ်ပြီး လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အတိအကျလိုက်နာလုပ်ဆောင်ကြပါရန်နှင့် မဖြစ်မနေ တပ်ဆင်ဆောင်ရွက်ထားကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

## စဉ့်ကူးမြို့နေပြည်သူများ စိတ်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေး ဝင်းမနားမြတ်စွာဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**စဉ့်ကူး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် စဉ့်ကူးမြို့နေပြည်သူများ စိတ်အေးချမ်းသာယာစွာ ဘုရားဖူးမြော်နိုင်ရေး အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက စဉ့်ကူးမြို့၊ အမှတ်(၂) ရပ်ကွက်ရှိ ဝင်းမနားမြတ်စွာ ဘုရား ပရိဝုဏ်တွင် ပြုလုပ်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူး ထွန်းထွန်းနိုင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းတို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သောအဖွဲ့တို့က ဝင်းမနားမြတ်စွာ ဘုရား၏ ဘုရားစေတီတော်မြတ်နှင့် ဘုရားရင်ပြင်တို့အား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဘုရားပရိဝုဏ် အတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**တင်စာလွင်(ပြန်/ဆက်)**

## ၂၀၂၅-၂၀၂၆ ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပွဲ ကျင်းပပြီးစီး

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူးရုံးနှင့် အ·မ·ကများ သမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲအစီအစဉ်ကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးသူရိန်စိုးက အသင်း၏ လက်ရှိအခြေအနေတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ချမ်းအေးသာစံမြို့နယ် သမဦးစီးဌာနမှ ဒေါ်အေးမာဌေး ဦးစီးအရာရှိက လုပ်ငန်းလမ်းညွှန်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အသင်း၏ အတွင်းရေးမှူး ဆရာမ ဒေါ်ခင်မြသူက ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အသင်းသားများထံမှ အတည်ပြုချက်ရယူခဲ့သည်။ ၎င်းနောက် ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဟောင်းများ ဖျက်သိမ်း၍ အမှုဆောင်အသစ်ကို ပြန်လည် ရွေးချယ်တင်မြှောက်ကြောင်းနှင့် အခမ်းအနားသို့ အသင်းသား၊ အသင်းသူ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ကြပြီး စုဆောင်းငွေပေါ်အတိုးနှင့် အမြတ်များပါ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၉)



## မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U(13) အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မဟာအောင်မြေမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ မြို့နယ်ပညာရေးမှူးဖလား U(13) အမျိုးသားဘောလုံးပြိုင်ပွဲကို ယမန်နေ့ ညနေပိုင်းက မြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ပညာရေးမှူးဖလား U(13) အမျိုးသား ဘောလုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကိုယ်ကာယလေ့ကျင့်ခန်း Physical Fitness Exercise ကကွက်များဖြင့် ဖျော်ဖြေခဲ့ပြီးနောက် ပွဲဦးထွက် ရွှေကံ့ကော် ကိုယ်ပိုင်ကျောင်းနှင့် အ·ထ·က(၁၃)ကျောင်းတို့ ယှဉ်ပြိုင်ကစားစေခဲ့သည်။

အဆိုပါ မြို့နယ်ပညာရေးမှူးဖလား U(13) အမျိုးသားဘောလုံးပြိုင်ပွဲကို အသင်းပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်စေပြီး ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရပြီး ပြိုင်ပွဲသို့ တိုင်း၊ ခရိုင် အားကစားနည်းပြများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၅၆)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မန္တလေး

### မယ်တို့အညာ မောင်တို့ရွာ

* မန်ကျည်း ထနောင်း
ဆောင်း၊ နွေ ပေါက်ရွာ ။
တောင်ခြေ စိမ့်စမ်း
အေးချမ်းသာယာ ။

* လာခဲ့ပါ့ မောင်တို့ရွာ
ဗာဒံပင်တန်း၊
လှမ်းခဲ့ပါ့ မယ်တို့အညာ
တမာပင်တန်း ။

* ဆောင်း၊ နွေခါ နီဝါစုံပွင့်တွေနဲ့
လေသင့်လျှင် သင်းပျံ့မွှေးပါလို့
နွေတေး တကြူကြူနှင့်
လေအေး မျှ အကြိုထောက်တယ်
တောတောင်ပေါက်လမ်း ။ ။

**အိမ်တင်အေး(ပုလဲ)**

## ပြောင်းချိုမျိုး စမ်းသပ်ကွက်မှ သီးနှံနမူနာကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

**သာစည် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၌ ပြောင်းချိုမျိုးစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲနှင့် အဆိုပြုမရိတ်သိမ်းမီ စောင့်ဆိုင်းရမည့်ကာလ မှန်၊ မမှန် စစ်ဆေးနိုင်ရန်အတွက် သတ်မှတ်ချိန်၌ စမ်းသပ်ကွက်မှ သီးနှံနမူနာကောက်ယူခြင်းကို ယမန်နေ့ နံနက်ပိုင်းက လှိုင်းတက်ကျေးရွာအုပ်စုရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဖွံ့ဖြိုးရေးဌာန (VFDC)တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ပေါင်းသတ်ဆေးစနစ်တကျသုံးစွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာထွန်းက သီးနှံမျိုးများအကြောင်း ဆွေးနွေးပြီး တောင်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ထို့နောက် ပြောင်းချိုမျိုးစမ်းသပ်ကွက်ကွင်းသရုပ်ပြပွဲကို ပြုလုပ်ပြီး စမ်းသပ်ကွက်အတွင်းမှ အဆိုပြုမရိတ်သိမ်းမီ စောင့်ဆိုင်းရမည့်ကာလ မှန်၊ မမှန် စစ်ဆေးနိုင်ရန်အတွက် သီးနှံနမူနာရယူကာ ISO/IEC 17025 စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းသို့ ပို့ဆောင်ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



အဆိုပါ ပြောင်းချိုမျိုးစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲနှင့် စမ်းသပ်ကွက်မှ သီးနှံနမူနာကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခြံတာဝန်ခံ ဦးညီညီအောင်၊ ကွင်းတာဝန်ခံ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)(၄၈၇)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မှန်တန်းရပ်ကွက်၊ အောင်မြင့်ကျော်လမ်း အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၃၀)ဧကအတွင်းမှ အနောက်ဘက်ခြမ်း(၂၁ပေ+ပေ၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်(၈၂/၂၀၂၆)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အိအိပြုံး (ဘ)ဦးအောင်ပြည့်(၅/မရန(နိုင်)၁၈၁၃၆၉)မှ ခံစင်းပြ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်များအား အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးချစ်စန်းမောင် (LL.B)၊ ဒေါ်မွန်မွန်လှိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**မဟာဂန္ဓာရုံကျောင်းတိုက်လမ်း၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၁၁၁၅၅၆၀၊ ၀၉–၂၅၉၀၈၈၆၅၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ပုလွေတန်းရပ်၊ အိမ်အမှတ်(၁၄၉)၊ ဧရိယာတောင်မြောက် (၁၀)ပေ၊ အရှေ့အနောက် (၁၅)ပေ အကျယ်အဝန်းရှိ အရှေ့လားသော်-ကြားလမ်းမြေအစပ်၊ အနောက်လားသော်-ဒေါ်တင်ဝင်း မြေအစပ်၊ တောင်လားသော်-ဒေါ်မိုးမိုးဆန်း မြေအစပ်၊ မြောက်လားသော်-ဦးမောင်ဝင်း မြေအစပ် နယ်လေးရပ်အတွင်းရှိ အာရ်စီ (၂)ထပ်တိုက်၊ ရေ=မီး အပါအဝင် မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူထားသူ ဒေါ်ဆောင်းနှင်းအေး (ဘ)ဦးဘိုဆိုင်(၉/မဟမ(နိုင်)၀၀၃၃၄၂)မှ လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးချစ်စန်းမောင် (LL.B)၊ ဒေါ်မွန်မွန်လှိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**မဟာဂန္ဓာရုံကျောင်းတိုက်လမ်း၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၁၁၁၅၅၆၀၊ ၀၉–၂၅၉၀၈၈၆၅၂**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မုံတောရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၇၂-B)၊ ကွင်း/အကွက်အမည်(မုံတော-အလယ်)၊ ဦးပိုင်လုပ်ကွက်အမှတ်(၃၂/၃)၊ ဧရိယာ(၁ ဒသမ ၄၂)ဧကနှင့် ဦးပိုင်လုပ်ကွက်အမှတ်(၈၂)၊ ဧရိယာ(၀ ဒသမ ၆၃)ဧက အကျယ်အဝန်းရှိ ဦးကျော်လင်း အမည်ပေါက်ပုံစံ (၇)လုပ်ပိုင်ခွင့်ရရှိထားသော မြေကွက်များနှင့် ယင်းမြေကွက်များ၏ လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ဝယ်ရှိသူဟု အဆိုပြုသူ ဒေါ်နှင်းနွယ်စိုး (ဘ)ဦးချစ်ငွေ(၁/ရကန(နိုင်)၀၃၀၇၂၉)နှင့် ဒေါ်ထက်ထက်လင်း (ဘ)ဦးစန်းလင်း(၁/ရကန(နိုင်)၀၅၃၁၅၃)တို့ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်များ၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ တရားဝင်ပိုင်ဆိုင်ခွင့် အခွင့်အရေး အပြည့်အဝရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဒေါ်ခင်သီတာဦး (LL.B, LL.M, Dip: in Business Law) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၂၃)**

**ဒေါ်နန်းတင်အေးအေးလင်း (LL.B, Dip: in Business Law) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၂၅)**

**KTO Legal activities Co;Ltd**

**dawkhinthidaoo25@gmail.com Phone-092051157,09-400046645**

**၂၃လမ်း၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ရာမရပ်အတွင်းရှိ အကွက်အမှတ်(၄၇၉)၊ ဦးပိုင်အမှတ်(၆/၄)၊ ဦးပေ+ဒေါ်မြမြ အမည်ပေါက်ဘိုးဘမြေကွက်အတွင်းမှ တောင်မြောက်(အရှေ့ခြမ်း)-၁၈ပေ၊ (အနောက်ခြမ်း)၁၆ ဒသမ ၅ပေ၊ အရှေ့အနောက်-ပေ၅၀+၅၁ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၃)ထပ်အဆောက်အဦ၊ ရေ+မီး အပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိ နေထိုင်လျက်ရှိသူ ဦးချမ်းငြေး (ဘ)ဦးမန်းချို(၅/ရဘန(နိုင်)၂၂၄၃၂၄)မှ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဘိုးဘမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးချစ်စန်းမောင် (LL.B)၊ ဒေါ်မွန်မွန်လှိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**မဟာဂန္ဓာရုံကျောင်းတိုက်လမ်း၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၁၁၁၅၅၆၀၊ ၀၉–၂၅၉၀၈၈၆၅၂**

**မီး**

**သတိပြု။**

**အဆောက်အဦပစ္စည်းခွန် အမည်ပြောင်းကြော်ငြာစာ**

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (မဟာအောင်မြေမြို့နယ်)

| စဉ် | မူလအမည် | ပြောင်းရန်အမည် | ရပ်ကွက် | အကွက် | ဦးပိုင် |
|---|---|---|---|---|---|
| ၁ | ဦးသိန်္ဒိအောင် | ဒေါ်အေးမြကြည် | ဟေမမာလာတောင် | ၆၅၂ | ၂၂/နန်းရတနာ (၃)ထပ် |

ဌာနမှူး၊ အခွန်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ(၁ ဒသမ ၆၀၈)ဧက၊ စုစုပေါင်းမြေချိန်ဧရိယာ(၅ ဒသမ ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၂)၊ (၈)လွှာ၊ အခန်းအမှတ် (၁)၊ အိပ်ခန်း(၃)ခန်းပါရှိသည့် အကျယ်အဝန်း(၉၂၅) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက်ခန်းသည် Ownership Certificate No.0166 ဖြင့် ဦးထွန်းမင်းအောင် (ဘ)ဦးထွန်းထွန်း (၉/ခအစ(နိုင်)၀၀၈၄၀၃)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော အမည်ပေါက် Apartment တိုက်ခန်းဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသူ ဦးထွန်းမင်းအောင် (ဘ) ဦးထွန်းထွန်း(၉/ခအစ (နိုင်)၀၀၈၄၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝါဝါအောင် (LL.B) အထက်တန်းရှေ့နေ**

**ဖိုးလမင်းအိမ်ခြံမြေကုမ္ပဏီ**

**၃၃လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၉၇၇၅၂၁၈၅၉၊ ၀၉–၄၃၆၅၀၀၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၁၂/ကံကောက်ကန်ကွင်း)၊ ဦးပိုင်အမှတ်(၁၁၄/၄)၊ ဧရိယာ(၀ ဒသမ ၈၆)ဧက အကျယ်အဝန်းရှိ ဦးမြင့်ဆွေ (ဘ)ဦးဘကြည်(၉/ပသက(နိုင်)၀၈၂၆၈၈)အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ(၇)ရရှိထားသော လယ်မြေကွက်၏ မြေပေါ်မြေအောက် လုပ်ကိုင်အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မူမူခိုင် (ဘ)ဦးထိ(၅/ရဘန(နိုင်)၀၃၈၈၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ လယ်ယာမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ယင်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မိုးမြတ်မွန် (LL.B, D.B.L, D.I.L) (တရားလွှတ်တော်ရှေ့နေ)**

**၁၆လမ်းနှင့်၁၇လမ်းကြား၊ ၆၃(ဘီ)လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၂၇၄၀၉၂၆၊ ၀၉–၉၆၄၀၄၀၉၂၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်အမှတ်(၃၈) မြေကွက်၏ မြောက်ဘက်ခြမ်းဧရိယာ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်းဧရိယာ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်နီမ (ဘ)ဦးဘိုးတင်(၅/စကန(နိုင်)၀၂၁၀၀၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်စာချုပ်အား ပြည့်မြောက်ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**

**အကွက်(၈၈–၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ၀၉–၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၈/သစ်ချိုကုန်း)၊ မြေကွက်အမှတ်(၂/၂၆၂+၂၆၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးကျော်ဆွေ အမည်ပေါက်ဂရန်မြေကွက်အနက်မှ ဦးပိုင်အမှတ်(၂/၂၆၂)၊ ဧရိယာပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စွဲ့ယဉ်ခိုင် (ဘ)ဦးသန်းရင်(၁/ပတအ(နိုင်)၀၄၃၅၄၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးရဲဇော်ဦး(LL.B, (Q), D.B.L)၊ ဦးလမင်းသော်တာ(LL.M, M.Res)၊ ဒေါ်သွယ်သွယ်စန်း(LL.B, D.B.L , D.I.L)**

**(တရားလွှတ်တော်ရှေ့နေများ)**

**‘ ကျော် ’ ဥပဒေအကျိုးဆောင်**

**ကျိုကုန်းရပ်ကွက်၊ မီးသတ်ရုံးအနီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

**ဖုန်း ၀၉–၄၀၂၆၂၆၃၉၃၊ ၀၉–၄၃၀၇၆၉၄၈၊ ၀၉–၇၇၅၅၀၈၇၅၀**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ် ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း သုံးယောက်တွဲ အဖွဲ့လိုက်(အမျိုးသား)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် (အမျိုးသမီး)ပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီးအသင်း ပထမရွှေတံဆိပ်ဆုဆွတ်ခူးရရှိ

နေပြည်တော် ဩဂုတ် ၂၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ

စာမျက်နှာ ၇ သို့ ❖



# 2027 AFC U -20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များကို MRTV မှတိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၉**

2027 AFC U-20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများ၏ အုပ်စု(K)ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ခြေစစ်ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် သီရိ လင်္ကာအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သတင်းစဉ်**

# ရာသီသစ် အိမ်ကွင်းပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သည့် ရေဝတီယူနိုက်တက် အသင်း

**ရန်ကုန် ဩဂုတ် ၂၉**

2026-2027 Grand Royal M League ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ ညနေ ၃နာရီခွဲက ရေဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံ (ISPE) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေဝတီယူနိုက်တက်အသင်းက အား/ကာသိပ္ပံ (ISPE) အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပုသိမ်မြို့ ကျောက်တိုင်ကွင်း၌ ကျင်းပခဲ့သည့် ယနေ့ပွဲစဉ်တွင် ဧည့်သည် အား/ကာသိပ္ပံ အသင်းက အသင်းခေါင်းဆောင် ခိုင်ရဲဝင်း၏ ပွဲချိန် ၁၁ မိနစ်တွင် ရရှိသည့် ဖရီးကစ်ကန်ချက်ဖြင့်ပွဲကို ဦးဆောင်နိုင်ခဲ့သော်လည်း ဂိုးကဲမှုများနှင့်အတူ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ရေဝတီယူနိုက်တက်အသင်းနှင့် နည်းပြ ဦးညီညီထွန်းအတွက် ပွဲဦးထွက် နိုင်ပွဲဖြစ်စေခဲ့သည့် သွင်းဂိုးများကို ပွဲချိန် ၂၇ မိနစ်တွင် အသင်းခေါင်းဆောင် လှမင်းချစ်၊ ပွဲချိန် မိနစ် ၃၀ တွင် တိုက်စစ်မှူး မောင်တော့ပ်က သွင်းယူပေးခဲ့သည်။



ရေဝတီယူနိုက်တက်အသင်း သည် Grand Royal M League ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် အိမ်ကွင်းတွင် ဆက်လက်ရင်ဆိုင်ရမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းသည် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင် ရမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

# ပရီးမီးယားလိဂ်ပွဲစဉ်(၂)တွင် ဟားလ်စီးတီးနှင့် နယူးကာဆယ်တို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် ဩဂုတ် ၂၉**

ပရီးမီးယားလိဂ်ပွဲစဉ်(၂)တွင် ဟားလ်စီးတီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲက ဟားလ်စီးတီးအသင်းနှင့် ကိုဗင်ထရီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟားလ်စီးတီးအသင်းက ကိုဗင်ထရီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဟားလ်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၂မိနစ်တွင် မီလာက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီက နယူးကာဆယ်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက စပါးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယူးကာဆယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၂မိနစ်တွင် အီလန်ဂါ၊ ပွဲချိန် ၇၂ မိနစ်တွင် ဝီဆာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၂) ယှဉ်ပြိုင်ကစားအပြီးတွင် ဟားလ်စီးတီးအသင်းက ရမှတ် ၆မှတ်ဖြင့် အဆင့် ၂နေရာ၊ နယူးကာဆယ်အသင်းက ရမှတ် ၄မှတ်ဖြင့် အဆင့် ၃နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

**(NGB)**



ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါရှိသည်။

